စိတ်ကူးချိုချိုအနုပညာ

တရုတ်ဒဏ္ဍာရီလာ ပုံပြင်များ

မောင်ခေတ်ထွန်း

မြန်မာပြန်သည်။

ဒုတိယအကြိမ်

cover image: all-free-download.com

တရုတ်ဒဏ္ဍာရီလာ ပုံပြင်များ

မောင်ခေတ်ထွန်း
မြန်မာပြန်သည်။

ISBN 9789997112460
KHIT10
9 789997 112460
1,500.00KS

စိတ်ကူးချိုချိုစာအုပ်

တရုတ်ဒဏ္ဍာရီလာ ပုံပြင်များ

မောင်ခေတ်ထွန်း

ပြန်ဆိုပြုစုသည်။

ဒုတိယအကြိမ်၊ ၂၀၂၁

တရုတ်ဒဏ္ဍာရီလာပုံပြင်များ။ မောင်ခေတ်ထွန်း
စာမျက်နှာ ၁၁၃ + မျက်နှာ၊ ၁၂·၈ စင်တီ× ၁၈·၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၂၁၊ ဇန်နဝါရီလ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
(၂၀၁၆ စိတ်ကူးချိုချိုစာပေ၏ ပထမအကြိမ်မှု)

ရောင်းဈေး ၁၅၀၀ ကျပ်

email: skccph@gmail.com ; P.O.Box: 705
www.facebook.com/SKCCmyanmarbook
www.skccmyanmarbook.com

မာတိကာ

-	ဆရာကြီးတက်တိုး၏ အမှာစာ	(ခ)
၁။	သူတော်ကောင်းယောင်ဆောင်သူ	၁
၂။	အသက်ထက် ငွေကိုမက်မောသူ	၃
၃။	ရွှေဒဂ်ါးပြားတစ်သောင်း	၅
၄။	ကြိုးကွင်းနှင့် ငှက်	၇
၅။	ကျားရေခြုံထားသော သိုးငယ်	၈
၆။	ပန်းပုဆရာနှင့် နတ်ငှက်ရုပ်	၉
၇။	ပညာရှိကြီးနှင့်မြည်း	၁၁
၈။	မျက်လုံးနှစ်စုံ	၁၃
၉။	ရေတွင်းထဲမှ ထွက်လာသောသူ	၁၄
၁၀။	ဉာဏ်နည်းသူ	၁၆
၁၁။	သမားတော်နှင့် လူနာ	၁၈
၁၂။	အဆင်ခြင်ကင်းမဲ့သောသမင်ကလေး	၂၀
၁၃။	အစောင့်တောဘဲငန်း	၂၃

၁၄။ လှေရွေးနည်း ၂၅
၁၅။ အပြစ်မြင်သူ ၂၇
၁၆။ မြှောက်ပင့်ပြောဆိုမှု ၂၈
၁၇။ လူပျော် ၃၀
၁၈။ ရှေးဟောင်းစာအုပ်နှင့် ရှေးဟောင်းကြေးထည် ၃၂
၁၉။ ကျားကို အမိန့်ထုတ်ပြန်ခြင်း ၃၅
၂၀။ ကျူဖျာပေါ်က ဆန် ၃၇
၂၁။ နေနှင့်မျက်မမြင် ၃၉
၂၂။ သံတုတ်မှ အပ် ၄၁
၂၃။ လှေပိုင်ရှင်နှင့် ခရီးသည် ၄၃
၂၄။ သိမ်းငှက်နှင့်မြွေပွေး ၄၄
၂၅။ ရေကန်အဟောင်းအတွက် ရေကန်အသစ် ၄၆
၂၆။ အကောင်းဆုံးနည်း ၄၈
၂၇။ ပန်းချီဆရာနှင့်နွားကျောင်းသား ၅၀
၂၈။ တပည့်၏ဆင်ခြေ ၅၃
၂၉။ ဘဲငန်းချက်ပြုတ်နည်း ၂-နည်း ၅၄
၃၀။ နတ်နှင့်လူ ၅၆
၃၁။ ဖောက်ပြန်သောရာသီဥတု ၅၈
၃၂။ အတွင်းနှင့်အပြင် ၆၀
၃၃။ အသိဉာဏ်နည်းသူနှင့်ခွေးခြေ ၆၁
၃၄။ အကြောက်လွန်သောပိန်ညင်းငှက် ၆၃
၃၅။ အငြင်းသန်သူ ၆၄
၃၆။ လာဘ်စားသူ ၆၅

၃၇။ ကွေ့ချိုမြို့မှ မြည်း ၆၇
၃၈။ ချဉ်သည့်အရက် ၆၉
၃၉။ သူများရယ်၍ လိုက်ရယ်သူ ၇၁
၄၀။ တဒင်္ဂ ၇၂
၄၁။ ဗီလားငါး ၇၄
၄၂။ သစ်ကိုင်းခွ ၇၅
၄၃။ လူ့လောဘ ၇၇
၄၄။ ထုံးစံ ၇၉
၄၅။ ပရိယာယ်သုံးသောမုဆိုး ၈၁
၄၆။ ကြောက်သူ ၈၃
၄၇။ မျောက်လွှဲကျော် ၈၅
၄၈။ ချောင်ချင်တောင်ပေါ်က ဝံပုလွေ ၈၇
၄၉။ ကျောင်းအုပ်ကြီး၏စေတနာ ၉၁
၅၀။ ကပ်စေးနှဲသူ ၉၄
၅၁။ မျက်စိမှုန်သူ ၉၆
၅၂။ ဘုရားဖူးသွားခြင်း ၉၈
၅၃။ ခါးကုန်းရောဂါကို ကုသသူ ၁၀၀
၅၄။ စိတ်ရှည်သည်းခံမှု ၁၀၂
၅၅။ လောဘကြီးသူ ၁၀၄
၅၆။ ကျွဲပါးစောင်းတီး ၁၀၇
၅၇။ ပညာရှိသူ အနိုင်ယူ ၁၀၉
၅၈။ အကောင်းဆုံးသင်ခန်းစာ ၁၁၁

❒

ဝန်ခံချက်

ဤ "တရုတ်ဒဏ္ဍာရီ ပုံပြင်များ" စာအုပ်သည် ၁၉၆၂–ခုနှစ်တွင် တရုတ်ပြည် ပီကင်းမြို့၊ Foreign Languages Press မှ ထုတ်ဝေသော Chinese Fables and Anecdotes စာအုပ်ကို ပြန်ဆိုထားခြင်းဖြစ်ပါသည်။

ပြန်ဆိုသူ

ဆရာကြီး တက်တိုး၏
တရုတ် ဒဿနိကဗေဒ ပုံပြင်များအတွက် အမှာ

'ကလေးသည် လူကြီး၏ ဖခင်ဖြစ်၏' ဟု အင်္ဂလိပ်ဂန္ထဝင် စာဆိုကြီး **ဝီလျံဝပ်ဒ်စ်ဝပ်သ်** က ဆိုသည်။ ထိုအဆိုသည် လေးနက်လှပေသည်။ ဆိုလိုသည်မှာ ကလေးဘဝမှာ နောင်အခါ လူကြီးဖြစ်လာလျှင် 'ဘယ်လိုလူစား' ဖြစ်မည်ကို အစပျိုးခြင်း ဖြစ်ကြောင်းပင်။ လူကြီးဘဝ အစသည် ကလေးဘဝပင်ဖြစ်သည်။ ကလေးသည် ပျော့သော ဖယောင်းပမာ၊ ရွှံ့ပမာ လိုရာရုပ် လုံးသွင်း၍ ရသောအရွယ် ဖြစ်သည်။ ထို့ကြောင့် နောင်တွင် လူတော် လူကောင်း ဖြစ်စေရန် ကလေးဘဝမှာ အစပျိုး၍ ပြုစုပျိုးထောင် ပေးရန် အလွန်အရေးကြီးလှပေသည်။

လူတစ်ယောက်၏ တန်ဖိုးကို ဘယ်သို့ ဖြတ်ရပါမည်နည်း။ ငွေကြေးဥစ္စာနေ မဟုတ်၊ မျိုးကြီးဆွေကြီး အဖြစ် မဟုတ်၊ ကျောင်း ငယ်၊ ကျောင်းကြီးများမှ သင်ယူရလာသော ပညာအရည်အချင်း

ပင် မဟုတ်ချေ။ လူ့တန်ဖိုးသည် အကျင့်စာရိတ္တနှင့် အတွေးအမြင် တို့၌ တည်ပေသည်။ တော်မှန်ဖြောင့်မတ်၍ အကျင့်စာရိတ္တ ကောင်းသော 'လူတော် လူကောင်း' ဖြစ်မှသာ ထိုပုဂ္ဂိုလ်သည် တန်ဖိုးရှိသူ ဖြစ်သည်။ အများက ခင်မင်လေးစားထိုက်သူ ဖြစ်သည်။ သို့မှသာလျှင် ထိုပုဂ္ဂိုလ်သည် လူ့အဆင့်ပြည့်မီမည်။ အစစ် အမှန် အဖိုးတန်သူ ဖြစ်ပေမည်။

လူဖြစ်လာပြီး မိမိအကျိုး၊ သူတစ်ပါးအကျိုးနှင့် အများအကျိုး တို့ကို ပျက်ပြားစေသောသူအဖြစ် ဘဝဇာတ်သိမ်းသွားလျှင် လူဖြစ်ကျိုး မနပ်ချေ။ အတွေးအမြင်၊ အဆင်ခြင်နည်းပါးသော လူ့အနွ ဖြစ်လျှင်လည်း တန်ဖိုးမရှိရုံမျှမက အများ၏အန္တရာယ်ကင်း အောင် ဖြစ်နိုင်ချေသည်။

ကလေးတစ်ယောက်အား အပူအအေး၊ အချိုအခါးခွဲခြားတတ် သောအရွယ်မှစ၍ အကောင်းအဆိုး၊ အမြတ်အယုတ်၊ သမာ မသမာ ဟူသော 'မံသစက္ခု' ဟူသော သာမန် မျက်စိဖြင့်၊ မမြင်နိုင်ဘဲ 'ဉာဏစက္ခု' ဟူသော အတွေးအခေါ်၊ အဆင်အခြင်တို့ကို အသုံးပြု ၍ မြင်အပ်သော၊ ဉာဏ်မျက်စိဖြင့်သာ မြင်နိုင်သော ခွဲခြားမှုကို ပြုနိုင်ရန်၊ လေ့ကျင့်ပညာပေးရန် လိုအပ်ပါသည်။ စာရိတ္တပညာကို သဘောတရားများ ပြ၍ သင်ကြားပေးလျှင် ကလေးသူငယ်တို့ နားမဝင် သဘောမပေါက် ဖြစ်နိုင်ချေသည်။ စံနမူနာ သာဓက များကို ဖော်ပြ၍ သဘောပေါက်အောင်ပြောပြရန် လိုအပ်ပေ သည်။ နားလည် သဘောပေါက်ရန်မှာ ပထမနားဝင်ဖို့ လိုသည်။ တစ်နည်းဆိုသော် စိတ်ဝင်စားဖို့လိုသည်။ ထို့ကြောင့် အကောင်း အဆိုး၊ တရား မတရား စသည့် စာရိတ္တ အဖြူအမည်းတို့ကို ပုံပြင်

များဖြင့်၊ နမူနာ၊ သာဓကများသည် စာရိတ္တပညာပေးမှု၌ မပါမဖြစ် အထူးပင် လိုလားအပ်ပေသည်။

ပုံပြင်တို့သည် စာပေအရေးအသား မပေါ်မီကတည်းက ပေါ်ထွန်းလာခဲ့သည်။ ရှေးခေတ်လူတို့သည် ဝမ်းရေးအတွက် တစ်နေ့ကုန် ပင်ပန်းစွာ ကြိုးပမ်းကြရပြီးနောက် ညစာ စားသောက်ပြီး အနားယူချိန်၌ မီးလင်းဖိုကို ဝိုင်းရံလျက် စကားစမြည် ပြောကြသည်။ ပြောစရာစကားမှာ သူတို့၏တစ်နေ့တာ လုပ်ဆောင်မှုများ အကြောင်းသာ များလေသည်။ သူတို့ အမဲလိုက်ခဲ့သည့်အကြောင်း၊ အခြားသူတို့နှင့် တွေ့ကြုံ ပြောဆို ပြုမူကြသည့်အကြောင်း စသည်ဖြင့် ပြောကြလေရာ၊ သူတို့၏ ပြောစကားတို့သည် ကြားရသူတို့အဖို့ စိတ်ဝင်စားဖွယ် ဖြစ်ပေသည်။ စကားဝိုင်းတွင် ဝင်၍ မပြောကြသော်လည်း မိဘများ အနီးတွင် ထိုင်နေ၊ လှဲနေသော ကလေးများအဖို့ လူကြီးများစကားတို့သည် နားထောင်၍ အလွန်ကောင်းနေပေတော့သည်။ ကလေးများ၌ လူ့သဘာဝအတိုင်းပင် 'သိချင်စိတ်' ရှိလေရာ၊ ငယ်ခိုက်တွင် လူကြီးများနှင့် တိရစ္ဆာန်များ၊ ပတ်ဝန်းကျင် လောကအခြေအနေများ၊ မရောက်ဖူးသေးသော နေရာဒေသများ၊ မတွေ့ကြုံနိုင်သေးသော အတွေ့အကြုံ အဖြစ်အပျက်များကို ကြားနာလိုသည်။ သိလို ကြသည်။ ယင်းသို့လျှင် လူ့သမိုင်းအစ ကာလကတည်းက ကလေးများ၌ 'ပုံနားထောင်ချင်သော ဆန္ဒ'သည် မွေးရာပါဆန္ဒတစ်ခု ဖြစ်လာသည်ဟု ဆိုရပေလိမ့်မည်။

မည်သည့် အသိအတတ် စသည့် ပညာကိုမဆို စိတ်ဝင်စားမှုသည် အလွန်အရေးပါပေသည်။ စိတ်ဝင်စားမှသာ စိတ်မှာ

စွဲထင်မှတ်သားနိုင်ပေမည်သာ ဖြစ်၏။ ကလေးများအား လက်ဦးဆရာများဖြစ်သည့် မိနှင့်ဖတို့၊ ထိုမှဆက်နွယ်၍ အဘိုး၊ အဘွားတို့။ ယင်းတို့တွင် အမေနှင့် အဘွားတို့ထံသို့ ကလေးတို့ ချဉ်းကပ်လေ့ရှိရာ အမေကို ပုံပြောခိုင်းမှု၊ သို့မဟုတ် အဘွားကို ပုံပြောခိုင်းမှု ပြုလုပ်လေ့ ရှိကြသည်။

ပုံပြင်တို့သည် လွယ်လှ ရှင်းလှသည်။ ကလေးများအဖို့ နားလည်ရန် မခက်ခဲပေ။ ပြောသူက အပြောကောင်းသည်နှင့်အမျှ သဘောပေါက်ကြသည်။ ပုံနားထောင်ပြီးလျှင် ပုံပြင်ပါ ဇာတ်ကောင်များ၏ စာရိတ္တ၊ အရည်အသွေး၊ အဆင့်အတန်းတို့ကို ကလေးတို့သည် 'သူကဆိုးတယ်၊ သူကကောင်းတယ်၊ သူကတော့ သနားစရာကလေး၊ သူကတော့ အတတ ထုံတုံတုံ၊ သူ အင်မတန်တော်တယ်၊ ဖျတ်လတ်တယ်၊ ဉာဏ်ကောင်းတယ်' စသည်ဖြင့် . . . ဝေဖန်သုံးသပ် ဆုံးဖြတ်မှုကလေးများ ပြုတတ် မှန်းမသိ ပြုတတ်လာကြပေသည်။ ယင်းသို့ ကလေးတို့သည် သူတို့၏ အကျင့်စာဂ ကောင်းမွန်ရေးကို သိနားလည် သဘော ပေါက်မှု အခြေခံ၍ တိုးတက်လာစေနိုင်ကြပေတော့သည်။

နိုင်ငံတိုင်း၊ လူမျိုးတိုင်းမှာ ပုံပြင်များ ရှိကြသည်။ လူနေမှု အခြေအနေ အဆင့်နိမ့်နေသေးသဖြင့် အချို့က 'လူရိုင်းများ'ဟု သမုတ်ကြသော လူမျိုးစုတို့မှာပင် သူတို့၏ရိုးရာဓလေ့များကို သရုပ်ဖော်သော ရိုးရာပုံပြင်များ ရှိကြပေသည်။ နောင်ကာလ၌ စာပေအရေးအသားပေါ်ထွန်းလာသောအခါ အချို့သောစာပေပညာရှင်များက ရိုးရာပုံပြင်များကို စုဆောင်း စုစည်း၍ စာဖတ်ပရိသတ်အား ဖြန့်ဝေပေးကြသည်။

နိုင်ငံများစွာတို့တွင် ကလေးများအတွက် ဖတ်စရာစာအုပ်များ၊ ကြည့်စရာရုပ်ပုံစာအုပ်များ၊ ကြည့်၍ ဖတ်စရာ ရုပ်ပြစာအုပ်များ စသည့်ဖြင့် 'ကလေးစာပေ' ဟူ၍ သီးသန့်ထွန်းကားလျက် ရှိသည်။ အချို့စာရေးဆရာ၊ ဆရာမတို့သည် ကလေးစာပေကိုသာ ရေးကြသည်။ မြန်မာနိုင်ငံ၌ 'ကလေးစာပေ' ဟူ၍ သီးသန့်ပေါ်လာသည်မှာ အခြားနိုင်ငံများနှင့် ယှဉ်လိုက်လျှင် နောက်ကျသည်ဟု ဆိုရမည်သာ ဖြစ်သည်။ စစ်ပြီးကာလ လွတ်လပ်ရေးခေတ်ဦး မှစ၍ သိသိသာသာပေါ်ထွန်းလာသည်ဟု ဆိုနိုင်ပေသည်။ ၁၉၅၀ ဆယ်စုနှစ်ကာလအတွင်း၌ အတော်ထွန်းကားလာလေသည်။ နောက်ပိုင်းတွင် ပြန်၍ မှိန်သွားသည်ဟု ဆိုရချေမည်။ ပုံပြင်စာအုပ်များ အထွက်နည်းခြင်း အကြောင်းများ ရှိချေသည်။ ဖွင့်ဆိုရန်မရည်ရွယ်ပါ။ အကျယ်ဖွင့်ပြရလျှင် စာရှည်သွားမည်သာ ဖြစ်သည်။

၁၉၇၀–၈၀ ဆယ်စုနှစ်မှသည် ယနေ့အထိ ကလေးအတွက် စာအုပ်များ ထွက်အား လျော့ကျလာသည်ကို သတိပြုမိပါသည်။ ကြိုးကြားကြိုးကြား တစ်အုပ်စ နှစ်အုပ်စ ဆိုသလို ပေါ်ထွက်လာသည်ကို တွေ့ရသည်။ မိဘများက မိမိတို့၏သားသမီးကလေးများအတွက် ဝယ်ပေးရန် စိတ်ဆန္ဒ လျော့ပါးသောကြောင့်ဟု ထင်မိပါသည်။ ထိုအချိန်အခါမျိုးတွင် မောင်ခေတ်ထွန်းက နိုင်ငံခြား ပုံပြင်ကလေးအချို့ကို မကြာခဏဆိုသလို မြန်မာပြန်၍ ထုတ်ဝေနေသည်ကို တွေ့ရသဖြင့် ဝမ်းမြောက်စွာ ကြိုဆိုအားပေးပါသည်။ ကလေးစာပေ ပြန်လည်ထွန်းကား၍ အစဉ်တိုးတက်ပွားများရေး၏အစ ဖြစ်နိုင်ကောင်းပါ၏။

ယခု ဤ **'တရုတ် ဒဏ္ဍာရီ ပုံပြင်များ'** စာအုပ်ကလေးတွင် ပုံပြင်ကလေးများသည် တိုတိုကျစ်ကျစ်ကလေးများဖြစ်သည်။ မိဘများက ဖတ်ပြီး သားငယ်သမီးငယ်တို့အား ပုံပြောဟန်ဖြင့် ပြောပြနိုင်ကြလျှင် ကောင်းလေစွ။ သို့မှမဟုတ်ဘဲ လူကြီးများက မအားမလပ်၍ အချိန်မပေးနိုင်လျှင်လည်း ကလေးတို့၏ အစ်ကိုအစ်မ (အထူးသဖြင့် အစ်မ)သို့မဟုတ် ဒေါ်လေးတို့က ပုံပြောပြနိုင်လျှင်လည်း ကောင်းလေစွ။

တရုတ်ပုံပြင်ကလေးများသည် လူ့သဘာဝကို ဖော်ညွှန်းချက်များပါရှိသဖြင့် ကလေးများစိတ်ဝင်စားကြပေလိမ့်မည်။ သူရဲဘောနည်းသူများအကြောင်း၊ လူလိမ်များအကြောင်း၊ တုံးအသူတို့အကြောင်းစသည်တို့မှသည် ကလေးများဉာဏ်ထုတ်၍ အကြောင်းရင်းများကို ရှာချင်စိတ်ပေါ်စေသော ပုံပြင်ကလေးများ၊ ဖွဲ့သတ္တိရှိချင်စိတ်၊ သနားကြင်နာစိတ် စသည်တို့ပေါ်ပေါက်စေသာ ပုံပြင်ကလေးများဖြစ်သည်။ တိုတိုကျစ်ကျစ် ရေးထားသဖြင့် မူလတန်းကလေးသူငယ်များဖတ်ရှုနားလည်နိုင်ပေသည်။

'ကလေးသည် လူကြီး၏ဖခင်ဖြစ်၏'ဟူသော အဆိုအမိန့်ကို နာယူ၍ နောင်ခေတ်တွင် လူတော်လူကောင်းများ မြောက်မြားစွာ ပေါ်ထွန်းလာရေးအတွက် ဝိုင်းဝန်းကြိုးပမ်းနိုင်ကြပါစေဟူ၍ ဆုတောင်းလိုက်ရပါသည်။ ။

တက်တိုး

၂၄-၁၁-၉၁

ရန်ကုန်မြို့

သူတော်ကောင်းယောင်ဆောင်သူ

တစ်ခါက မိမိကိုယ်ကို သနားကြင်နာစိတ်ရှိသူဟူ၍ ကင်ပွန်းတပ်ထားသော လူတစ်ယောက်ရှိသည်။ တစ်နေ့တွင် သူသည် လိပ်တစ်ကောင်ကို ဖမ်းဆီးမိသည်။ လိပ်သားဟင်းချက်စားလိုသော်လည်း လိပ်ကိုမသတ်ရဲချေ။ ထို့ကြောင့်ရေနွေးအိုးတစ်အိုးတည်ပြီး ရေနွေးအိုးပေါ်တွင် တုတ်တစ်ချောင်း ကန့်လန့်တင်ထားကာ လိပ်ကလေးအား "ဟေ့ လိပ်ကလေး၊ ဒီတုတ်တန်းပေါ်က ဖြတ်ပြီး လျှောက်သွားနိုင်ရင် သံ့ကိုလွှတ်လိုက်မယ်"ဟု ဆိုလေသည်။

လိပ်သည် ထိုလူ၏အကြံကို ရိပ်မိသော်လည်း မသေချင်၍ တုတ်ပေါ်တွင် တုန်ချည့်ချည့်ဖြင့်လျှောက်သွားလေသည်။

တန်းပေါ်တွင် လိပ်လျှောက်သွားနိုင်သည်ကို တွေ့သော် လူသူတော်ကောင်းကြီးသည် လိပ်အား "ကဲ . . . ကဲ နောက်တစ်ခါ

လျှောက်လိုက်ပါဦး။ ဒီတစ်ခါ လျှောက်သွားနိုင်ရင် တကယ့်ကို လွှတ်ပေးပါ့မယ်”ဟု ပြောဆိုလိုက်လေသည်။ ။

The Compassionate man.

အသက်ထက် ငွေကိုမက်မောသူ

ယန်ချိုမြို့တွင် ရေကူးကျွမ်းကျင်လိမ္မာသူ ပေါများသည်။ တစ်နေ့တွင် မြစ်ရေသည် ရုတ်တရက်လျှံတက်လာသည်။ ထိုအခါ လူခြောက်ယောက်ခန့်သည် လှေငယ်တစ်စီးဖြင့် မြစ်ကိုဖြတ်၍ တစ်ဖက်ကမ်းသို့ ကူးသွားသည်။ ရေလယ်သို့ရောက်သော် လှေသည် ကွဲထွက်သွားသည်။ သို့သော် သူတို့သည် ကြောက်ရွံ့မှု မဖြစ်မိကြပေ။ လှေပေါ်မှခုန်ချကာ လက်ပစ်ကူးသွားကြသည်။ သူတို့အနက် တစ်ယောက်မှာ အားသွန်ခွန်စိုက် ကူးခတ်သော်လည်း မြန်ဆန်မှုမရှိလှပေ။

ထိုအခါ သူ့အပေါင်းအသင်းများက "မင်းက ငါတို့ထက် ရေကူးကျွမ်းကျင်လျက်သားနဲ့ ဘာလို့နောက်ကျကျန်ရစ်နေခဲ့ရတာလဲ"ဟု မေးသည်။

"ငါ့ခါးမှာ အသပြာတစ်ထောင်ချည်ထားလို့ မြန်မြန်မကူးနိုင်တာပေါ့ကွာ"ဟု နောက်ကျန်ရစ်သူက သူ့အပေါင်းအသင်းများကို ပြန်ပြောသည်။

သူ့အပေါင်းအသင်းများက သူ့အား "ဒါဖြင့် ဘာဖြစ်လို့ အဲဒါကိုမဖြုတ်ပစ်တာလဲ"ဟုဆိုကြသည်။

သူက ဘာမျှပြန်မပြောချေ။ ခေါင်းကိုသာ ခါယမ်းလိုက်သည်။ ခြေကုန်လက်ပန်းကျနေသော်လည်း ခါးမှအသပြာကို မဖြုတ်ပစ်ရက်ပေ။

ထိုသို့ဖြင့် သူ့အပေါင်းအသင်းများသည် တစ်ဖက်ကမ်းခြေသို့ ရောက်ရှိသွားကြလေသည်။ သူကား ရေထဲတွင်မြုပ်ချည်ပေါ်ချည်ဖြစ်နေသည်။ သူ့အပေါင်းအသင်းများက သူ့အား "ဟေ့ကောင် . . .မင်းရူးနေသလား၊ မင်းခါးက အသပြာတွေကို ဖြုတ်ပစ်လိုက်။ မင်းရေနစ်သေဆုံးသွားတော့ ဒီငွေတွေက ဘာအသုံးကျတော့မှာလဲ"ဟု အော်ဟစ်ပြောဆိုကြသည်။

သို့သော် သူကား ခါးမှ အသပြာကိုနှမြောလွန်း၍ မဖြုတ်ရက်ပေ။ ခေါင်းကိုသာ တွင်တွင်ယမ်း၍ ငြင်းဆန်နေလေသည်။ မကြာမီ သူသည် ရေနစ်သေဆုံးသွားလေသည်။ ။

The man who liked money better than life.

ရွှေဒင်္ဂါးပြားတစ်သောင်း

တစ်ခါက ချီပြည်နယ်တွင် မစ္စတာ တန်ခိုချန်ဆိုသူ ကျောင်းဆရာကြီးတစ်ဦးရှိလေသည်။ သူသည် လိုအင်ဆန္ဒ အလွန်ကြီးမားသူဖြစ်သည်။ သူအလိုလားဆုံးသောဆန္ဒမှာ ရွှေဒင်္ဂါးပြားတစ်သောင်း ရယူပိုင်ဆိုင်မှုပင်ဖြစ်သည်။

ကျောင်းသားတစ်ယောက်သည် ဆရာကြီး၏လိုအင်ဆန္ဒကို သိရှိထားသည်ဖြစ်၍ ဆရာကြီးအား "ဆရာကြီးခင်ဗျား၊ ကျွန်တော်ဟာ အလွန်ဆင်းရဲတဲ့သူဖြစ်ပါတယ်။ ဆရာကြီး ရွှေဒင်္ဂါးတစ်သောင်းရရင် ကျွန်တော့်ကို နည်းနည်းလောက် ပေးမှာလား"ဟု ပြောဆိုလေသည်။

ထိုအခါ ဆရာကြီးက ကျောင်းသားအား "ဘယ်ဖြစ်မလဲကွ၊ ငါ ဒီငွေနဲ့ ရာထူးကြီးကြီးရအောင်လုပ်မလို့။ နည်းနည်းလေး ပွန်းပဲ့ခံလို့မဖြစ်ဘူး"ဟု ပြောဆိုသည်။ ကျောင်းသားများလည်း စိတ်ဆိုး

ပြီး ဆရာထံမှဖဲကြဉ်ကာ ဆွန်ပြည်နယ်သို့ ထွက်ခွာသွားကြလေသည်။

လောကတွင် လက်ဝယ်သို့ မရောက်သေးသော ပစ္စည်းတစ်ခုအတွက် မိမိ၏ရှိရင်းစွဲပစ္စည်းကို အဆုံးရှုံးမခံသင့်ပေ။ ။

Ten thousand taels of gold.

ကြိုးကွင်းနှင့် ငှက်

လူတစ်ယောက်သည် မုဆိုးများထောင်ထားသော ပိုက်ကွန်တွင် ငှက်များမိနေသည်ကိုတွေ့မြင်သွားသည်။ ကွန်ပေါက်တစ်ခုလျှင် ငှက်တစ်ကောင်စီ မိနေလေသည်။ ထိုသူသည် အိမ်သို့ပြန်ကာ ချည်ခင်များကိုယူပြီး ကြိုးကွင်းများပြုလုပ်လေသည်။

အခြားလူတစ်ယောက်က သူ့ကိုကြည့်ကာ "ဒါဘာလုပ်မလို့လဲဗျ"ဟု မေးလေသည်။ သူက "ငှက်ဖမ်းမလို့လေ၊ ပိုက်ကွန်ရက်နေရင် ကြာလိမ့်မယ်၊ ဒီလိုကြိုးကွင်းနဲ့လည်း တစ်ကွင်းကို တစ်ကောင်မိနိုင်ပါတယ်"ဟု ပြန်ဖြေသည်။

ပိုက်ကွန်တစ်ပေါက်လျှင် ငှက်တစ်ကောင်မိသည်မှာ မှန်သော်လည်း ကြိုးကွင်းတစ်ကွင်းဖြင့် ငှက်တစ်ကောင်ကိုဖမ်းရန် မလွယ်ကူချေ။ ။

One-hole nets.

ကျားရေခြုံထားသော သိုးငယ်

တစ်ခါက သိုးငယ်တစ်ကောင်ရှိသည်။ သူသည် ကျားရေကို ဝတ်ဆင်ထားသည်။ သူသည် ကျားရေကိုခြုံကာ ဝင့်ဝါသောခြေလှမ်းဖြင့် လျှောက်လှမ်းလေသည်။ သို့သော် သိုးငယ်သည် မြက်ခင်းစိမ်းစိမ်းကိုမြင်သော် အားရဝမ်းသာစွာဖြင့် အော်မြည်လေသည်။ ထို့ပြင် သိုးငယ်သည် ဝံပုလွေတစ်ကောင်ကိုတွေ့မြင်သွားရာ အလွန်ကြောက်ရွံ့တုန်လှုပ်သွားလေသည်။ သူသည် သူ့ကိုယ်ပေါ်တွင် ကျားသားရေခြုံထားသည်ကိုပင် သတိမရတော့ချေ။

ကျားရေခြုံထားသော သိုးငယ်သည် အပြင်သဏ္ဍာန်အားဖြင့် ကျားနှင့်တူသော်လည်း အတွင်းသဏ္ဍာန်ကမူ ပြောင်းလဲမှုမရှိချေ။ ။

The lamp in a tiger's skin.

ပန်းပုဆရာနှင့် နတ်ငှက်ရုပ်

တစ်ခါက 'ကောင်စု'အမည်ရှိ ပန်းပုဆရာတစ်ယောက်ရှိသည်။ တစ်နေ့တွင် ပန်းပုဆရာသည် နတ်ငှက်ရုပ်တစ်ခုကို စတင်ထုထွင်းလေသည်။ ဦးစွာသူသည် သစ်သားတုံးပေါ်တွင် နတ်ငှက်ရုပ်ပုံကို ပုံကြမ်းရေးဆွဲသည်။

လူတစ်ယောက်သည် ထိုပုံကြမ်းကိုကြည့်၍ "ဒီပုံဟာ နတ်ငှက်ရုပ်ထက် ဇီးကွက်ရုပ်နဲ့ပိုတူတယ်"ဟု ဝေဖန်ပြောဆိုသည်။

တခြားတစ်ယောက်ကမူ ပုံကြမ်းကိုကြည့်၍ "ဖျိုင်းဖြူတစ်ကောင်ထုမလို့ မဟုတ်လား"ဟု ဆိုပြန်သည်။

သူတို့နှစ်ယောက်သည် ကုန်းကုန်းကွကွဖြင့် ငှက်ရုပ်ကိုထုလုပ်နေသော ပန်းပုဆရာကိုကြည့်၍ လှောင်ပြောင်ရယ်မောကြသည်။

ပန်းပုဆရာသည် မည်သူ့စကားကိုမျှ ဂရုမစိုက်ပေ။ ပန်းပုရုပ်လုံးကိုသာ အာရုံစူးစိုက်၍ ထုလုပ်နေသည်။ မကြာမီ နတ်

ငှက်ရုပ်သည် ရုပ်လုံးပေါ်လာကာပြီးစီးသွားသည်။ နီလာကဲ့သို့သော အမောက်၊ ဟင်္သာပြဒါးရောင်ခြေသည်းလက်သည်းနှင့် တဖိတ်ဖိတ်တလက်လက် တောက်ပနေသော အမွေးအတောင်တို့ဖြင့် နတ်ငှက်ရုပ်သည် တင့်တယ်လှပ၍ ကျက်သရေရှိလှပေသည်။ ငှက်ရုပ်တွင် ခလုတ်တစ်ခုကို တပ်ဆင်ထားသည်။ ထိုခလုတ်ကို နှိပ်လိုက်လျှင် နတ်ငှက်ရုပ်သည် ကောင်းကင်ယံတွင် အတောင်ပံကို လှုပ်ခတ်ကာ သုံးရက်နှင့်သုံးညတိုင် ပျံဝဲနိုင်သည်။

ထို့ကြောင့် ကဲ့ရဲ့ဝေဖန်သူနှစ်ဦးအပါအဝင် နတ်ငှက်ရုပ်ကို ရှုမြင်သူတိုင်းက ချီးမွမ်းထောပနာပြုကြလေသည်။ ။

Craving a phoenix.

ပညာရှိကြီးနှင့် မြည်း

တစ်နေ့တွင် ပညာရှိကြီးဟု မိမိကိုယ်ကိုမိမိ အမွှမ်းတင်လေ့ရှိသူ လူတစ်ယောက်သည် ဈေးမှ မြည်းတစ်ကောင်ကို ဝယ်လာခဲ့သည်။ မြည်းအရောင်းအဝယ်စာချုပ်ချုပ်ဆိုသောအခါ ပညာရှိကြီးသည် စုတ်တံတစ်ချောင်းကိုင်ကာ ပညာစွမ်းပြလေတော့သည်။

ထိုသူသည် ဝါကြွားလေ့ရှိသူ ဖြစ်သည့်အတိုင်း မည်သည့်ပစ္စည်းကို မည်သူ့ထံ မည်၍မည်မျှဖြင့် ရောင်းသည်စသည်ဖြင့် အရောင်းအဝယ်စာချုပ်ကို ရေးရန်ဖြစ်သော်လည်း စာကို ရှည်လျားစွာရေးနေလေသည်။ စာရွက်သုံးရွက်အထိ ရေးသားထားလေသည်။ သို့သော် မြည်းအကြောင်းတစ်လုံးတစ်ပါဒမျှ မပါရှိချေ။

မြည်းရှင်က "စာချုပ်မပြီးသေးဘူးလား၊ စာချုပ်ထဲမှာ မြည်းကို ဘယ်လောက်နဲ့ ဘယ်သူက ဘယ်သူ့ကို ရောင်းတယ်ဆိုတာ ရှင်းရှင်းလင်းလင်းရေးသားရမှာ ဘာကြောင့်ဒီလောက်များများ

ရေးရတာလဲ”ဟု အံ့ဩစွာဆိုသည်။

ထိုအခါ ဝါကြွားသူက “မလောစမ်းပါနဲ့လေ။ အခု မြည်း အကြောင်းရေးနေပါပြီ”ဟု ပြန်ပြောလိုက်သည်။ ။

A scholar buys a donkey.

မျက်လုံးနှစ်စုံ

လူနှစ်ယောက်သည် သူတို့ဆရာသမား၏ ရုပ်ရည်နှင့်ပတ်သက်၍ ငြင်းခုံလျက်ရှိကြသည်။ တစ်ယောက်က "ငါတို့ဆရာ ဘယ်လောက်ချောသလဲ"ဟု ပြောသည်။ ထိုအခါ တစ်ယောက်က "ဘယ်လောက်ချောလို့လဲ၊ အရုပ်ဆိုးသကွ"ဟု ငြင်းဆိုသည်။

သူတို့နှစ်ယောက်သည် အချိန်အတန်ကြာငြင်းခုံလျက်ရှိကြသည်။ အဖြေကား မပေါ်လာပေ။ နောက်ဆုံးတွင် သူတို့နှစ်ယောက်သည် "ကဲ ဒီလိုဆိုရင်ဖြင့် မျက်လုံးချင်းလဲပြီး ကပ်ကြည့်ရအောင်၊ အဲဒီအခါမှာ ငါပြောတာမှန်နေလိမ့်မယ်"ဟု တစ်ဦးကို တစ်ဦး ပြောဆိုနေကြလေသည်။ထိုသူနှစ်ယောက် ငြင်းခုံနေကြခြင်းသည် တစ်ယောက်နှင့် တစ်ယောက် အရွဲ့တိုက်၍ ငြင်းခုံနေကြသည်မဟုတ်ပေ။ တစ်ဦးနှင့်တစ်ဦးအမြင်မတူသောကြောင့်သာ ဖြစ်ပေသည်။ ။

The two pairs of eyes.

ရေတွင်းထဲမှ ထွက်လာသောသူ

ဆွန်ပြည်နယ်တွင် တန်မိသားစုတစ်စုရှိသည်။ သူတို့တွင် ရေတွင်းမရှိ၍ မိသားစုထဲမှ တစ်ယောက်သည် တစ်နေ့တာလုံး အချိန်အကုန်ခံကာ သုံးရေများကို အိမ်နှင့်အလှမ်းကွာဝေးသော နေရာမှ သယ်ယူရသည်။

ထိုသို့ဖြင့် နောက်ဆုံးတွင် သူတို့သည် ရေသယ်ယူရသည့် ဒုက္ခမှကင်းဝေးရန် အိမ်ဝင်းအတွင်း၌ပင် ရေတွင်းတစ်တွင်းကို တူးလေသည်။ မကြာမီ ရေတွင်းတူးပြီးသွားလေသည်။ အိမ်ရှင်က သူ့မိတ်ဆွေတစ်ဦးအား ဝမ်းသာအားရဖြင့် "အခုမှပဲ ရေခပ်ရတဲ့ ဒုက္ခမှကင်းဝေးတော့တယ်။ ကျွန်ုပ်တို့မိသားစုအတွက် ရေခပ်ပေးဖို့ လူတစ်ယောက် ရေတွင်းထဲက တွေ့ရသလိုပါပဲ"ဟု ပြောဆိုလေသည်။

အိမ်ရှင့်မိတ်ဆွေက ထိုစကားကိုအခြားမိတ်ဆွေတစ်ဦးအား

ပြောလိုက်သည်။ ဒုတိယမိတ်ဆွေကလည်း တစ်ဖန် ထိုစကားကို အခြားမိတ်ဆွေတစ်ဦးအား ထပ်ဆင့်ပြောပြလိုက်သည်။ ထိုသို့ဖြင့် ထိုစကားသည် တစ်ဆင့်စကားတစ်ဆင့်နားသို့ ပျံ့နှံ့ရောက်ရှိသွားသည်။ တစ်ယောက်ကအစ တစ်ရာဆိုသကဲ့သို့ အဆင့်ဆင့် ပြောကြားသွားရာနောက်ဆုံးတွင် ထိုစကားသည် . . .

"မည်သူ့အိမ်တွင် ရေတွင်းတူးရာ တွင်းထဲက လူတစ်ယောက်ထွက်လာသည်။ ထိုသူသည် ရေထမ်းလည်းကျွမ်းကျင်သည်"ဟူ၍ ဖြစ်သွားသည်။

ထိုစကားကို ချုန်မြို့စားမင်းကြားသော် လူထူးလူဆန်းကို ကြည့်ရှုလို၍ တန်မိသားစု၏အကြီးအကဲကို ဆင့်ခေါ်လိုက်ပြီး စစ်ဆေးမေးမြန်းသည်။ တန်မိသားစုအကြီးအကဲကလည်း အဖြစ်မှန်ကို ရှင်းလင်းပြသည်။ ထိုအခါမှ အဖြစ်မှန်ကိုကြားသိရသော မြို့စားကြီးသည် ငိုအားထက်ရယ်အားသန်ကာ တဟားဟားဖြင့် ရယ်မောနေလေတော့သည်။ ။

The man who was found in the well.

ညဏ်နည်းသူ

ဝမ်ဟိုသည် ညဏ်နံ့နဲ့သူတစ်ဦးဖြစ်သည်။ တစ်နေ့တွင် သူသည် ဘုရင်ကြီးချီနှင့်အတူ မြင်းညိုကြီးကိုစီးကာ စစ်တိုက်ရန် ထွက်လာခဲ့သည်။ ညအချိန်ရောက်သော် အလွန်အေးသည့်ဒဏ်ကို အလူးအလဲခံရသည်။ နံနက်မိုးလင်းသော် မြင်းကိုယ်ပေါ်တွင် ဆီးနှင်းများ တစ်ကိုယ်လုံးဖုံးလွှမ်းနေလေသည်။ ဝမ်ဟိုသည် တဲပြင်သို့ ထွက်လာသောအခါ သူ့မြင်းကိုမတွေ့ရတော့ချေ။ သူသည် သူ့ရဲမက်များအား သူ့မြင်းကိုရှာရန် စေခိုင်းလိုက်လေသည်။ သို့သော် မြင်းကိုရှာဖွေ၍ မရကြချေ။

မကြာမီ နေထွက်လာလေသည်။ မြင်းကိုယ်ပေါ်မှ ဆီးနှင်းခဲများသည် အရည်ပျော်ကျကာ မြင်းကြီးသည်ပြန်ပေါ်လာလေသည်။ အမှန်မှာ မြင်းကြီးသည် ပျောက်ဆုံးသွားသည်မဟုတ်။ သူ့ကိုယ်ပေါ်တွင် ဆီးနှင်းများဖုံးလွှမ်းနေ၍ မတွေ့မမြင်ရခြင်း

ဖြစ်သည်။

ဝမ်ဟိုက အားရဝမ်းသာစွာဖြင့် "ဟော့ . . .ဒီမှာ ငါ့မြင်းတွေ့ပြီဟော့"ဟု ပြောဆိုလိုက်လေသည်။ ။

It was here all the time.

သမားတော်နှင့် လူနာ

တစ်ခါက ချင်ပြည်နယ်တွင် ထင်ပေါ်ကျော်ကြားသော သမားတော်ကြီးတစ်ယောက်ရှိသည်။ သူ့အမည်မှာ သမားတော်ကြီး ချူဖြစ်သည်။ သူသည် ဘုရင်ကြီးချွမ်ဝမ်၏ အကျိတ်ရောဂါနှင့် ဘုရင်ကြီးဟီဝမ်၏ လိပ်ခေါင်းရောဂါတို့ကို ပျောက်ကင်းအောင် ကုသခဲ့ဖူးသည်။

တစ်နေ့တွင် မစ္စတာချန်ဆိုသူသည် သမားတော်ကြီး ချူထံ ရောက်ရှိလာကာ သူ့ကျောနာကို ပြသ၍ ကုသပေးရန်ပြောကြားသည်။

ထိုအခါ သမားတော်ကြီးက မစ္စတာချန်အား "ခင်ဗျားကို ကုတာတော့ ဟုတ်ပါပြီ။ နာမှာမကြောက်ဘူးလား"ဟု မေးလေသည်။

မစ္စတာချန်က "ကျွန်တော့ရောဂါကို ဆရာကြိုက်သလို ကုသ

ပါ။ ဆရာ့ကို အပ်ပါတယ်”ဟု ပြောဆိုသည်။

ထိုသို့ဖြင့် သမားတော်ကြီးချူသည် မစ္စတာချန်၏ကျောနာရောဂါကို ကုသပေးလေသည်။ မကြာမီ ချန်၏ကျောနာရောဂါသည် ပျောက်ကင်းသွားလေသည်။

ချန်၏ကျောနာရောဂါသည် သမားတော်ကြီး၏ဆေးကုသမှု၊ အစွမ်းထက်မှုနှင့် လူနာ၏ဆရာဝန်အပေါ် ယုံကြည်ကိုးစားမှုတို့ကြောင့် ရောဂါပျောက်ကင်းသွားသည်ဟု ဆိုရမည်ဖြစ်သည်။ ထို့ကြောင့် ရောဂါကုသရာ၌ သမားတော်တို့၏ပညာစွမ်းရည်ထက်မြက်မှုသာမက လူနာ၏သမားတော်အပေါ်ယုံကြည်ကိုးစားမှုသည်လည်း လိုအပ်သောအချက်ဖြစ်ပေသည်။ ။

Doctor and patient.

အဆင်ခြင်ကင်းမဲ့သော သမင်ကလေး

တစ်ခါက လင်ကျန်မြို့တွင် နေထိုင်သူတစ်ဦးသည် သမင်ပေါက်ကလေးတစ်ကောင်ကို ဖမ်းဆီးရမိသည်။ သူသည် သမင်ကလေးကို အိမ်သို့ယူဆောင်လာသည်။ အိမ်ရောက်သော် ခွေးများက အမြီးတယမ်းယမ်းသွားရည်တများများဖြင့် သမင်ကလေးကို ကိုက်ရန် ကြံကြသည်။ အိမ်ရှင်သည် ဒေါသကြီးစွာဖြင့် ခွေးများကို မောင်းနှင်ထုတ်လိုက်သည်။ သို့သော် သမင်ပေါက်ကလေးကို အမြဲတမ်းထိန်းသိမ်းစောင့်ရှောက်ရန်ကား မဖြစ်နိုင်ချေ။ သမင်ပေါက်ကလေးကို ခွေးနှင့်သင့်မြတ်အောင်လုပ်ပေးမှ ဖြစ်မည်ဟု စဉ်းစားမိကာ ခွေးရှေ့တွင် သမင်ပေါက်ကလေးကို နေ့တိုင်း ပွေ့ချီပြသည်။ ထို့နောက် အိမ်ရှင်သည် သမင်ပေါက်ကလေးကို ခွေးနှင့်အတူ ကစားစေသည်။

ထိုသို့ဖြင့် ခွေးနှင့်သမင်ပေါက်ကလေးတို့သည် ရင်းနှီးလာ

ကြသည်။ သမင်ပေါက်ကလေးသည် သူကိုယ်သူပင်မေ့လျော့သွားပြီးခွေးများကို အရင်းနှီးဆုံးမိတ်ဆွေဟု ထင်မှတ်သွားလေသည်။ ခွေးတို့ကိုနမ်းရှုပ်သည်။ ခွေးတို့၏နှုတ်သီးကို ပုတ်၍ကစားသည်။

သို့သော် ခွေးတို့သည် သမင်ကလေးနှင့်အလိုက်သင့်စွာ ကစားနေသော်လည်း သူတို့သည် သမင်သားကိုစားရန်မူကား မမေ့ချေ။ စားချင်စိတ်ဖြင့် သွားရည်တမျှားမျှားကျဆင်းလျက်ရှိသည်။ အိမ်ရှင်ကိုကြောက်၍သာ ငြိမ်ကုပ်နေကြရသည်။ မျိုသိပ်နေကြရသည်။

သုံးနှစ်မျှကြာသော် သမင်ကလေးသည် ထွားကြိုင်းလာသည်။ တစ်နေ့တွင် သမင်ကလေးသည် အိမ်ပြင်သို့ထွက်လာသည်။ ထိုအချိန်တွင် တခြားခွေးများသည် လမ်းပေါ်တွင်လျှောက်သွားနေကြသည်။ သမင်ကလေးသည် အဆင်ခြင်ကင်းမဲ့စွာဖြင့် ခွေးသူစိမ်းများထံ ကစားရန်သွားရောက်သည်။ ခွေးများသည် သမင်ကလေး သူတို့ထံလာနေသည်ကိုမြင်သော် အလွန်အံ့အားသင့်

သွားကြသည်။ အံ့ဩနေကြသည်။ ထို့နောက် ခွေးများသည် သမင်ကလေးအား ဝိုင်းအုံကိုက်သတ်လိုက်လေသည်။

သမင်ပေါက်ကလေးသည် သူဘာကြောင့် သေဆုံးရသည် ဆိုသည်ကို မသိသွားရှာချေ။ ။

The silly fawn.

အစောင့်တောဘဲငန်း

တစ်ခါက တောဘဲငန်းကြီးများသည် မြောက်အရပ်မှ တောင်အရပ်သို့ အုပ်ချီ၍ ပျံသန်းလာကြသည်။ လမ်းခရီးတွင် ညအိပ်တန်းတက်ချိန်၌ ကင်းစောင့်ရန် ငန်းတစ်ကောင်ကို တာဝန်ပေးထားသည်။ထိုငန်းကို 'အစောင့်တောဘဲငန်း'ဟု ခေါ်သည်။

အစောင့်တောဘဲငန်းသည် ငန်းအုပ်စုထဲတွင် အသက်အငယ်ဆုံးဖြစ်သည်။ မျက်စိလျင် နားအပါးဆုံးဖြစ်သည်။ သူ၏ တာဝန်ကား စခန်းချ၍ ညအိပ်တန်းတက်ချိန်၌ မအိပ်ဘဲ လုံခြုံရေးတာဝန်ကို ထမ်းဆောင်ရမည်ဖြစ်သည်။ ရန်သူလာသံကြားက အချက်ပေးရမည်။ သို့မှသာ တောဘဲငန်းကြီးများ ထ၍ပျံနိုင် မည်ဖြစ်သည်။

ထိုအချိန်တွင် မုဆိုးများသည် တောဘဲငန်းကြီးများ စခန်းချလေ့ရှိသောနေရာတွင် ဘဲငန်းများကိုဖမ်းရန် ပိုက်ကွန်ကြီးများဆင်ထားသည်။ လေးဖက်လေးတန်တွင်လည်း ငန်းများကို ပုန်းကွယ်

စောင့်ဖမ်းရန် တွင်းများတူးထားကြသည်။

ထိုည တောဘဲငန်းကြီးများ အိပ်မောကျနေချိန်တွင် အရှေ့ဘက်တွင်းမှ မုဆိုးသည် မီးတုတ်ကိုထွန်းညှိလိုက်သည်။ အစောင့်တောဘဲငန်းသည်မီးရောင်ကိုမြင်လျှင် ထအော်လေသည်။ မုဆိုးသည် မီးကိုချက်ချင်းမှုတ်ပစ်လိုက်သည်။ တောဘဲငန်းကြီးများသည် အစောင့်ဘဲငန်း၏အော်သံကြောင့် နိုးလာကြသည်။ သို့သော် ဘာမျှမတွေ့သဖြင့် ပြန်၍အိပ်ကြသည်။

မကြာမီ အနောက်ဘက်တွင်းမှ မုဆိုးသည် မီးတုတ်ကို ထွန်းညှိလိုက်ပြန်သည်။ ရှေးနည်းတူ အစောင့်တောဘဲငန်းသည် ထ၍အော်ပြန်သည်။ တောဘဲငန်းကြီးများသည် ဘာကိုမျှ မတွေ့သဖြင့် ဆက်အိပ်ကြပြန်သည်။

ထိုသို့ကြိမ်ဖန်များစွာ အစောင့်တောဘဲငန်း၏ အော်သံကြောင့် တောဘဲငန်းကြီးများ အိပ်ရေးပျက်ကြရကား တောဘဲငန်းကြီးများသည် သည်းမခံနိုင်တော့ဘဲ အစောင့်တောဘဲငန်းကလေးကို ဝိုင်းဝန်းထိုးဆိတ်ကြလေသည်။ အစောင့်တောဘဲငန်းတစ်ကိုယ်လုံးတွင် ဒဏ်ရာများဖြင့် ပြည့်နှက်နေလေသည်။

မကြာမီ မီးလင်းလာပြန်သည်။ အစောင့်တောဘဲငန်းသည် ထိုးဆိတ်ထားခြင်းခံထားရသောကြောင့် ရန်သူ၏မီးရောင်ကို မြင်သော်လည်း အော်၍သတိမပေးရဲတော့ချေ။ ထိုအခါ မုဆိုးသည် တောဘဲငန်းများကို ပိုက်ကွန်ပစ်၍ဖမ်းရာ တောဘဲငန်းတစ်ဝက်ကျော်ကျော်သည် မုဆိုး၏လက်တွင်းသို့ သက်ဆင်းကြရလေသည်။ ။

The wild goose sentry.

လှေရွေးနည်း

တစ်ခါသော် ဟူလီဇူးသည် နေပြည်တော်မှ သူ၏ဇာတိမွေးရပ်မြေသို့ ပြန်လာသည်။ နန်းရင်းဝန်ကြီးသည် အုပ်ချုပ်ရေးမှူးအား ဟူလီဇူးလိုအပ်သမျှကို ပံ့ပိုးပေးရန် အမိန့်ပေးထားသည်။ အုပ်ချုပ်ရေးမှူးက ဟူလီဇူးအား "အသင် လှေနဲ့ပြန်မယ်ဆိုရင် ကြိုက်တဲ့ဘုရင်မင်းမြတ်ပိုင် လှေကိုစီးပါ"ဟု ပြောဆိုသည်။

ဟူလီဇူးသည် ဆိပ်ကမ်းသို့ရောက်သော်လည်း အုပ်ချုပ်ရေးမှူးကား ရောက်မလာခဲ့သေးချေ။ ထိုအချိန်တွင် ဟူလီဇူးသည် လှေတစ်စင်းကို ရွေးချယ်ရန် ကမ်းခြေသို့ရောက်ရှိနေသည်။ လှေထောင်ပေါင်းများစွာသည် ကမ်းခြေတွင်ဆိုက်ကပ်ထားသည်။ မည်သည့်လှေသည် ဘုရင်မင်းမြတ်လှေ၊ မည်သည့်လှေသည် အရပ်သားလှေဟူ၍ အမှတ်အသားမပြုလုပ်ထားပေ။ ထို့ကြောင့် ဟူလီဇူးသည် လှေအရွေးရခက်နေလေသည်။

မကြာမီ အုပ်ချုပ်ရေးမှူးရောက်ရှိလာသည်။ ဟူလီဖူးက "ကဲ . . . ဘယ်ဟာက ဘုရင်မင်းမြတ်လှေ၊ ဘယ်ဟာက အရပ်သားလှေ ဆိုတာရှင်းစမ်းပါဦး"ဟု ဆိုလေသည်။

ထိုအခါ အုပ်ချုပ်ရေးမှူးက "ဒါက လွယ်လွယ်လေးပါ။ ပျက်စီးနေတဲ့လှေအမိုး၊ လှော်တက်အကျိုး၊ ရွက်ပြတ်ရွက်စုတ်ရှိနေတဲ့ လှေတွေဟာ ဘုရင်မင်းမြတ်ရဲ့လှေတွေပဲ"ဟု ပြောဆိုလေသည်။

ဟူလီဖူးသည် သက်ပြင်းတစ်ချက်ချပြီး "အော် . . . ဒါကြောင့် ဆင်းရဲသားတွေ အတိဒုက္ခရောက်နေကြတာကိုး"ဟု ညည်းညူလိုက်လေသည်။ ။

All the battered boats are official boat.

အပြစ်မြင်သူ

လမ်းဘေးတွင် ရေတွင်းတစ်တွင်းရှိသည်။ ရေတွင်းမတူးမီ က ခရီးသွားများသည် ဤနေရာသို့ရောက်သော် ရေတစ်ပေါက်မျှ သောက်ချင်သော်လည်း မသောက်နိုင်ကြရပေ။ ယခုမူ ရေတွင်း ရှိနေပြီဖြစ်၍ ရေကို အဝသောက်နိုင်ကြပေပြီ။ ထို့ကြောင့် ခရီးသွားများသည်"ဤနေရာ၌ ရေတွင်းတူးရန် စိတ်ကူးရရှိသူသည် ဉာဏ်အမြော်အမြင်ကြီးပါပေ့"ဟူ၍ ရေတွင်းတူးသူကို ချီးမွမ်းထောပနာပြုကြသည်။

မကြာမီလူတစ်ယောက်သည် ညအချိန်တွင် အိမ်သို့ပြန်လာရာ အမှတ်တမဲ့ သတိမထားမိသဖြင့် ရေတွင်းထဲသို့ကျကာ သေဆုံးသွားလေသည်။ထိုအခါ ယခင်က ရေတွင်းတူးသူကို ချီးမွမ်းကြသူများက ယခု ရေတွင်းတူးသူကို ပြစ်တင်ရှုတ်ချကြလေသည်။ ။

The well.

မြှောက်ပင့်ပြောဆိုမှု

တစ်ခါက ချမ်းသာသောလူတစ်ယောက်နှင့် ဆင်းရဲသောလူတစ်ယောက်သည် အတူတကွ စကားပြောဆိုလာကြသည်။

"ငါ့မှာ ရွှေအောင်စ တစ်ထောင်ရှိတယ်။ ငါ့ကို မြှောက်ပင့်ပြောဆိုမယ်ဆိုရင် မင်းကိုရွှေ ၂၀ အောင်စပေးမယ်"ဟု သူဌေးက ဆင်းရဲသားကို ပြောဆိုလေသည်။

ဆင်းရဲသားက သူဌေးအား "ဒီလိုခွဲဝေပေးရုံနဲ့ ခင်ဗျားကို မြှောက်ပင့်မပြောဆိုနိုင်ပါဘူး"ဟု ပြောဆိုလေသည်။

ထိုအခါ သူဌေးက "ဒါဖြင့် တစ်ဝက်ခွဲပေးမယ်ကွ၊ ငါ့ကို မြှောက်ပင့်ပြောမလား"ဟု ဆင်းရဲသားအားမေးသည်။

ဆင်းရဲသားက "ဒီလိုဆို ခင်ဗျားနဲ့ကျုပ် တန်းတူရည်တူဖြစ်နေမှာပေါ့၊ ကျုပ်မပြောနိုင်ပါဘူး" ဟုပြန်ပြောသည်။

သူဌေးက "ဒါဖြင့် ငါ့ရွှေတွေ မင်းကိုအကုန်ပေးမယ်ကွာ။

မင်းပြောမယ်မဟုတ်လား"ဟု မေးပြန်သည်။

ထိုအခါ ဆင်းရဲသားက "အဲဒီအခါကျတော့ ကျုပ်က သူဌေးဖြစ်နေပြီပဲ။ ခင်ဗျားကိုမြှောက်ပင့်ပြောနေဖို့ ဘာလိုတော့သလဲ" ဟုပြောဆိုလိုက်လေသည်။ ။

Will you flatter me?

လူပျော်

တစ်ခါက လူပျော်တစ်ဦးရှိသည်။ တစ်နေ့တွင် သူသည် မြို့ပြဆိုင်ရာ စာမေးပွဲ ဖြေဆိုရန် မြို့သို့ တက်လာခဲ့သည်။ လမ်းခရီးတွင် သူ့သားရေအိတ် ခါးပိုက်နှိုက်ခံရလေသည်။

သူက "ကျုပ်ပိုက်ဆံအိတ် ပါသွားပြီ၊ လုပ်ကြပါဦး"ဟု အော်သည်။ လူများ ဝိုင်းအုံလာသည်။ သူခိုးကို ဝိုင်းဖမ်းပေးရန် မည်သို့ ခါးပိုက်နှိုက်ခံရပုံကို ဝိုင်းမေးကြသည်။

သူက အေးဆေးစွာဖြင့် "ခါးပိုက်နှိုက်ခံရတာ မှန်ပါတယ်၊ ဒါပေမဲ့ ဘာမှ စိုးရိမ်စရာ မရှိပါဘူး"ဟု ဆိုသည်။

လူများက "ဒါဖြင့် ခင်ဗျားပိုက်ဆံအိတ် ပါမသွားဘူးပေါ့ ဟုတ်လား"ဟု ပြောဆိုကြသည်။

ထိုအခါ လူပျော်က "အိတ်ကတော့ ပါသွားပါတယ်၊ ဒါပေမဲ့ အိတ်ကို ခါးပိုက်နှိုက် မယူနိုင်ပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့

သော့က ကျွန်ုပ်အိတ်ထဲမှာ ကျန်နေခဲ့တယ်လေ" ဟု ပြောဆိုလိုက်လေသည်။ ။

The lost bag.

ရှေးဟောင်းစာအုပ်နှင့် ရှေးဟောင်းကြေးထည်

တစ်ခါက အလွန်ဆင်းရဲသော စာပေဝါသနာအိုး တစ်ဦးရှိလေသည်။ တစ်နေ့တွင် သူသည် စားစရာများဝယ်ရန် ငွေမရှိ၍ ရှေးဟောင်းစာအုပ်များကို ထမ်းပိုးကာ မြို့တွင်ရောင်းရန် ထွက်ခွာလာခဲ့သည်။ လမ်းခရီးတွင် သူသည် အခြားစာပေဝါသနာအိုး တစ်ဦးနှင့် တွေ့ဆုံလေသည်။ ထိုသူသည် စာအုပ်များကိုကြည့်ကာ အားလုံး ဝယ်ယူလိုသည့်ဆန္ဒ ဖြစ်ပေါ်လာသည်။ သို့သော် သူ့တွင် စာအုပ်များကို ဝယ်ယူရန် ငွေမတတ်နိုင်ချေ။ သူ့တွင် ရှေးဟောင်းကြေးထည်များသာရှိသည်။ ထိုရှေးဟောင်းပစ္စည်းများကို ရောင်းချ၍ ရရှိသောငွေဖြင့် စပါးများ ဝယ်ယူရန်သာ ဖြစ်သည်။ စာအုပ်ဝယ်ရန် ငွေမရှိချေ။ သို့သော် သူသည် စာအုပ်ရောင်းမည့် စာပေဝါသနာအိုးကို အိမ်သို့ခေါ်ဆောင်လာလေသည်။

ဒုတိယ စာပေဝါသနာအိုးအိမ်သို့ ရောက်သော် စာအုပ်ရောင်းမည့် စာပေဝါသနာရှင်သည် ကြေးထည်ပစ္စည်းများကို အလွန်နှစ်သက်သွားလေသည်။ ထို့ကြောင့် စာအုပ်ရောင်းမည့်သူသည် ကြေးထည်ပိုင်ရှင်အား "ခင်ဗျား ကြေးထည်တွေကို တခြားသူကို ရောင်းမနေပါနဲ့တော့ဗျာ။ ခင်ဗျား ကြေးထည်နဲ့ ကျွန်တော့် စာအုပ် တန်ဖိုးဖြတ်ပြီး လဲလှယ်ကြတာပေါ့"ဟု ဆိုသည်။

ထိုသို့ သူတို့နှစ်ဦးသည် သဘောတူညီပြီးနောက် တစ်ဦးနှင့် တစ်ဦး ပစ္စည်းများကို လဲလှယ်ကြသည်။ စာအုပ်များရောင်းရန် ထမ်းပိုးလာသူသည် အပြန်တွင် ကြေးထည်ပစ္စည်းများကို ထမ်း၍ ပြန်သွားသည်။ ကြေးထည် ပစ္စည်းပိုင်ရှင်၏ အိမ်တွင် စာအုပ်များ ကျန်ရစ်ခဲ့သည်။

ပထမစာပေဝါသနာအိုးသည် အိမ်ရောက်သော် ဇနီးဖြစ်သူက

"ဒါက ဘာလုပ်ဖို့လဲ၊ စားလို့ရရဲ့လား"ဟု မြည်တွန်လေသည်။ ထိုအခါ စာပေဝါသနာအိုးက သူ့စာအုပ်များကို ကြေးထည်ပစ္စည်းများဖြင့် လဲလှယ်လာခဲ့ကြောင်း ရှင်းပြသည်။ ထို့နောက် စာပေဝါသနာအိုးက သူ့ဇနီးအား "ငါ့ကို ဆူမနေနဲ့၊ သူ့မှာ တို့လိုပါပဲ၊ စာအုပ်တွေရသွားပေမဲ့ ထမင်း ဘယ်နေမှန်းသိတာ မဟုတ်ပါဘူး"ဟု ပြောဆိုလိုက်လေသည်။ ။

Ancient books for ancient bronze.

ကျားကို အမိန့်ထုတ်ပြန်ခြင်း

တစ်ခါက ချင်ချိုမြို့တွင် 'ယန်ချုရင်' ဆိုသူ အုပ်စိုးလေသည်။ ထိုမြို့ရှိမြို့သူမြို့သားများသည် မကြာခဏ ကျားဆွဲခံရလေ့ရှိသည်။ ယန်ချုရင်သည် ကျားရန်ကိုနှိမ်နင်းရန် မကြံစည် မကြိုးစားပေ။ ကျားကိုမောင်းထုတ်လိုက်ကြောင်း အမိန့်စာကို ကျောက်တုံးကြီးတစ်ခုတွင် ရေးထွင်းရန်သာ စေခိုင်းလေသည်။ ထိုအချိန်တွင် ကျားသည် သူ့ဘာသာသူ အခြားအရပ်သို့ ထွက်ခွာသွားလေသည်။ ထိုအခါ ယန်ချုရင်သည် သူထုတ်ပြန်သော အမိန့်စာကြောင့်သာ ကျားထွက်ခွာသွားသည်ဟု ယူဆ၍ အကျေနပ်ကြီး ကျေနပ်နေလေသည်။

မကြာမီ ယန်ချုရင်သည် ယူလင်မြို့သို့ အလုပ်ကြောင့် ရွှေ့သွားရသည်။ ယူလင်မြို့သူမြို့သားများသည် သတ္တိရှိ၏။ ဖွဲ့ကြိုး၏။ ထို့ကြောင့် အုပ်ချုပ်ရန် မလွယ်ကူကြောင်း သိရှိသွားသည်။

ယန်ချုရင်သည် ချင်ချိုမြို့တွင် ထုတ်ပြန်ခဲ့သော ကျားထွက်ပြေးသည့်အမိန့်စာကို သတိရ၍ လူလွှတ်ပြီး ကျောက်တုံးပေါ်က ကျောက်စာကို အကူးခိုင်း၏။ ထိုအချိန်တွင် ချင်ချိုမြို့၌ ကျားသောင်းကျန်းလျက်ရှိရာ အမိန့်စာကူးရန်သွားသူများသည် ကျားစာဖြစ်သွားကြလေသည်။ ။

Issuing an order to the tiger.

ကျူဖျာပေါ်က ဆန်

တစ်ခါက 'တိုင်ချင်' ဆိုသူတွင် မြေးများစွာရှိသည်။ သူတို့သည် ချမ်းသာကြွယ်ဝကြသည်။ သို့သော် စပါးမှ ဆန်ရရှိလာသည်ဆိုသည်ကို မည်သူမျှ မပြောဆိုနိုင်ကြပေ။

တစ်နေ့ ထမင်းစားလျက် ရှိစဉ် တိုင်ချင်က သူ့မြေးကလေးများအား "မင်းတို့ ထမင်းတော့ နေ့တိုင်းစားတယ်၊ ဒါပေမဲ့ အခု မင်းတို့ ထမင်းစားတဲ့ဆန်က ဘယ်ကရလာတယ်ဆိုတာ မင်းတို့ သိကြရဲ့လား"ဟု မေးသည်။

တစ်ယောက်က "ဆုံထဲက ရပါတယ်"ဟု အရဲစွန့်၍ ဆိုသည်။ သူ့စကားကို ကြားသော် တိုင်ချင်သည် ရယ်မောလေသည်။

ထိုအခါ အခြားတစ်ယောက်က "သူပြောတာ မဟုတ်ဘူး၊ မှားတယ်။ ဆန်ကို ကျူဖျာပေါ်က ရပါတယ်"ဟု ပြောဆိုသည်။ ထိုအချိန်က ဆန်ကို မြို့သို့ တင်ပို့ရာတွင် ဆန်များကို ကျူဖျာများ

ဖြင့် ထုပ်ပိုး၍ သယ်ဆောင်ကြသောကြောင့် ဆန်ကို ကျူပျာက ရသည်ဟူ၍ ပြောဆိုခြင်း ဖြစ်သည်။ ။

Whence comes rice?

နေနှင့် မျက်မမြင်

တစ်ခါက မျက်မမြင်တစ်ယောက်သည် နေကို မည်သည့် အရာနှင့် တူသည်ဆိုတာကို အလွန်သိချင်သည်။ ထို့ကြောင့် သူသည် တခြားသူများအား နေအကြောင်းကို ရှင်းပြရန် ပြောဆိုသည်။

လူတစ်ယောက်သည် ကြေးဇလုံတစ်ခုကို ယူ၍ တီးပြကာ "နေဟာ ဒီလိုပဲ ကြေးဇလုံကြီးနဲ့ တူတယ်၊ ဝိုင်းဝိုင်းစက်စက်ကြီး" ဟု ပြောပြသည်။

မကြာမီ မျက်မမြင်သည် ခေါင်းလောင်းထိုးသံ တစ်ခုကို ကြားလိုက်ရသည်။ ထိုအခါ မျက်မမြင်က "ဒါ နေမဟုတ်ဘူးလား"ဟု တစ်ဦးကို မေးသည်။

ထိုလူက "ဒါ နေမဟုတ်ဘူး၊ နေဟာ ဖယောင်းတိုင်လိုပဲ အလင်းရောင် ရှိတယ်"ဟု ပြောဆိုကာ မျက်မမြင်အား ဖယောင်း

တိုင်ကို စမ်းကြည့်စေသည်။

နောက်မကြာမီ မျက်မမြင်သည် ပုလွေတစ်ချောင်းကို ကောက်ယူရရှိရာ "ဒါ နေဖြစ်ရမယ်"ဟု ပြောဆိုလိုက်သည်။ ။

What does the sun look likes?

သံတုတ်မှ အပ်

တစ်နေ့တွင် ကျောင်းသားတစ်ယောက်သည် ကျောင်းပြေး၍ လမ်းတကာတွင် လျှောက်သွားနေသည်။ ထိုစဉ် သူသည် သံတုတ်ကို ကျောက်တုံးပေါ်တွင်တင်ကာ သွေးနေသောအဘွားအိုကို မြင်တွေ့ရလေသည်။ ထိုအခါ ကျောင်းပြေးကလေးက အဘွားအိုအား "အဘွား ဘာလုပ်နေတာလဲ"ဟု မေးလေသည်။

အဘွားအိုက "အင်္ကျီချုပ်ဖို့ အပ်တစ်ချောင်း သွေးနေတာလေ" ဟု ကျောင်းပြေးကလေးအား ပြန်ပြောသည်။

ကျောင်းပြေးကလေးက ရယ်မောကာ "ဒီလောက်ကြီးမားတဲ့ သံတုတ်ကြီးကို အပ်ဖြစ်အောင် ဘယ်လိုလုပ်ပြီး သွေးမှာလဲ"ဟု ဆိုသည်။

အဘွားအိုက "ဒါက ဘာမှပြဿနာ မရှိပါဘူး။ ဒီနေ့ သံတုတ်ကို သွေးမှာပဲ၊ နောက်နေ့မှာလဲ ဆက်သွေးဦးမှာပဲ၊ နေ့တိုင်းသာ

ဖွဲ့ရှိရှိနဲ့ ဆက်သွေးမယ်ဆိုရင် ဒီသံတုတ်ကြီးဟာ တဖြည်းဖြည်း သေးသွားပြီး တစ်နေ့မှာ အပ်ဖြစ်မှာ သေချာတယ်။ ဒါပေမဲ့ ငါပြောတဲ့စကားကို စာမကြိုးစားတဲ့လူကတော့ နားလည်မှာ မဟုတ်ဘူး"ဟု ဆိုလေသည်။

ဤတွင် ကျောင်းသားသည် နားလည် သဘောပေါက်သွားကာ ကျောင်းသို့ အမြန်ပြန်သွားလေသည်။

လုံ့လ ဝီရိယ ရှိလျှင် သံတုတ်ကိုပင် အပ်ဖြစ်စေနိုင်ပေသည်။ ။

Grinding an iron pestle into a needle.

လှေပိုင်ရှင်နှင့် ခရီးသည်

လူတစ်ယောက်သည် လူလန်မြို့မှ ဖိန်မင်မြို့သို့ ခြေကျင်လျှောက်လာခဲ့သည်။ လမ်းခရီးတွင် သူသည် လှေတစ်စင်းကို မြင်တွေ့ပြီး လှေပိုင်ရှင်အား အသပြာငါးဆယ်ပေး၍ သူ့အား ဖိန်မင်မြို့သို့ ပို့ပေးရန် ပြောသည်။

ထိုအခါ လှေပိုင်ရှင်က "လှေခ ထုံးစံအတိုင်းဆိုရင်တော့ ပစ္စည်းမပါဘဲ လူချည်းသက်သက်ဆိုရင်တောင် အသပြာတစ်ရာ ပေးရတယ်။ အခု ခင်ဗျားက အသပြာငါးဆယ်ပဲ ပေးတယ်ဆိုတော့ လိုသေးတာပေါ့၊ ကျွန်တော်ဟာ လှေဆွဲပေးမယ့်လူကို သွားငှားရင် အသပြာငါးဆယ် ပေးရပါတယ်။ ဒီတော့ ဒီလိုလုပ်ပါ၊ ခင်ဗျားက အသပြာငါးဆယ် ပေးတော့ လှေကို ခင်ဗျားပဲ ဖိန်မင်မြို့အထိရောက်အောင် ဆွဲသွားပေတော့၊ ဒါဆိုကျွန်တော့် အသပြာငါးဆယ်ကို ပေးစရာ မလိုတော့ပါဘူး"ဟု ပြောဆိုလိုက်လေသသည်။ ။

The boat-owner's bright idea.

သိမ်းငှက်နှင့် မြွေပွေး

တစ်ခါက သိမ်းငှက်တစ်ကောင်သည် မြွေပွေးတစ်ကောင်ကို လမ်းပေါ်တွင်တွေ့ရာ နှုတ်သီးဖြင့်ထိုးသုတ်မည်ပြုသည်။ ထိုအခါ မြွေပွေးက "အသင် ကျုပ်ကို မထိုးသုတ်ပါနဲ့၊ အသင်ဟာ အဆိပ်ပြင်းထန်လွန်းလို့ လူတွေက သင့်ကို မုန်းကြတယ်။ ဒါဟာ ဘာဖြစ်လို့လဲဆိုရင် ကျုပ်အသားကို စားလို့ပဲ၊ ကျုပ်အသားကို စားလို့ ကျုပ်ဆီက အဆိပ်တွေ ကူသွားတာ ဖြစ်တယ်။ ကျုပ်ကိုသာ မစားရင် သင့်ဆီမှာ အဆိပ်ရှိမှာ မဟုတ်ဘူး၊ လူတွေကလည်း သင့်ကို မုန်းမှာမဟုတ်ဘူး"ဟု ပြောဆိုသည်။

ထိုအခါ သိမ်းငှက်က "သင့်ပါးစပ်ကို ပိတ်ထားစမ်း၊ သင်လိမ်ပြောတာ။ ငါဟာ အဆိပ်ရှိတာ မဟုတ်ဘူး၊ သင်သာ အဆိပ်ရှိတာ။ လူသားတွေကို အန္တရာယ်ပြုတာ သင်ပဲ၊ ကျုပ်မဟုတ်ဘူး။ လူသားတွေရဲ့ အန္တရာယ်ကို ကာကွယ်ပေးနေတာ ကျုပ်ပဲ၊ အဆိပ်ရှိတဲ့

မြွေတွေကို သုတ်သင်ရှင်းလင်းဖို့ လူသားတွေက ကျုပ်ကို တာဝန်ပေးထားတယ်။ ကျုပ်တို့ အမွေးအတောင်တွေကို ယူပြီး တစ်ပါးသူကို အန္တရာယ်ပြုတာတော့ ကျုပ်တို့နဲ့ မသက်ဆိုင်ဘူး၊ ဒါသူတို့ကိစ္စပဲ။ သင့်အသက်ကို ကျုပ် ချမ်းသာမပေးနိုင်ဘူး"ဟု ဆိုကာ သိမ်းငှက်သည် မြွေပွေးကို ကိုက်စားကာ မျိုချလိုက်လေသည်။ ။

The falcon and the adder.

ရေကန်အဟောင်းအတွက် ရေကန်အသစ်

တစ်ခါက ဆွန်ခေတ်တွင် 'ဝမ်အန်ဆစ်' အမည်ရှိ ဝန်ကြီးချုပ်တစ်ဦးရှိသည်။ သူသည် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို နှစ်သက်သူ ဖြစ်သည်။

မျက်နှာလို မျက်နှာရ လုပ်တတ်သူတစ်ဦးက၊ ဝန်ကြီးချုပ်အား "အရှင်– လျှံရှုန်ပို၊ ရေကန်ထဲက ရေတွေကို ခပ်ယူထုတ်ပစ်လိုက်ရင် မြေဩဇာကောင်းတဲ့မြေ စတုရန်း ၈၀၀ ထွက်လာမယ်" ဟု အကြံပြုသည်။

ဝန်ကြီးချုပ် ဝမ်အန်ဆစ်လည်း ဝမ်းသာအားရဖြင့် . . .

"ဒါတော့ ဟုတ်ပါပြီ။ ဒီလောက်များတဲ့ ရေတွေကို ဘယ်နေရာမှာ သွားသွန်ပစ်ရမှာလဲ"ဟု မေးသည်။

ထိုအခါ မျက်နှာလို မျက်နှာရ လုပ်သူက "အရှင်– ဒါက လွယ်ပါတယ်၊ အဲဒီရေကန်ကြီးဘေးနားမှာ အရွယ်တူ ကန်ကြီး

တစ်ကန် ထပ်တူးပြီး အဲဒီရေကန်ထဲကို ရေတွေ လောင်းထည့်တာပေါ့”ဟု ပြောဆိုလိုက်လေသည်။ ။

A new lake for and old.

အကောင်းဆုံးနည်း

တစ်ခါက ပညာမဲ့သူသည် တစ်စုံတစ်ယောက်၏ "သစ်တော့သီးသည် သွားကို ကောင်းစေ၍ သရက်ရွက်သည် သွားကို ဒုက္ခပေးစေသည်။ သို့သော် စွန်ပလွံသီးသည် သရက်ရွက်ကို ကောင်းကျိုးပေး၍ သွားကိုမူ ဒုက္ခပေးပြန်သည်"ဟု ဟူသော ပြောဆိုသံကို ကြားလိုက်ရသည်။

လူတစ်ယောက်က "ကျွန်တော့်မှာ နည်းကောင်း ရှိတယ်။ အဲဒီနည်းနဲ့စားရင် ဘာအန္တရာယ်မှ မဖြစ်နိုင်ဘူး"ဟု ပြောဆိုလေသည်။

ပညာမဲ့သူက "ဒါဖြင့် ပြောပါဦး၊ ခင်ဗျား အကြံဉာဏ်လေးကို" ဟု ဆိုသည်။

ထိုအခါ အကြံပေးသူက "ဒါက လွယ်လွယ်လေးပါ။ သစ်တော့သီး စားတဲ့အခါမှာ အရည်ကိုသာ မျို၊ အဖတ်ကို မစားလေနဲ့။

စွန်ပလွံသီးကို စားတဲ့အခါမှာတော့ မကိုက်ဘဲ အလုံးလိုက် မျိုချပေါ့။ ဒါဆို သွားကို ဒုက္ခမပေးတော့ဘူး”ဟု ပြောဆိုလိုက်လေသည်။ ။

Swallowing a date whole.

ပန်းချီဆရာနှင့် နွားကျောင်းသား

ပန်းချီဆရာကြီး တစ်ယောက်သည် နွားနှစ်ကောင် ဖွေ့နေပုံကို ရေးဆွဲသည်။

လူအများက ပန်းချီကားကို ကြည့်ကာ "ဒီပန်းချီကားဟာ တော်တော် လက်ရာမြောက်တာပဲ၊ သိပ် အသက်ဝင်တာပဲ"ဟု ချီးမွမ်းကြသည်။

ထို့ကြောင့် ပန်းချီဆရာကြီးသည် ပီတိဖြစ်ကာ ထိုပန်းချီကားကို အကောင်းဆုံးပိုးစများဖြင့်ကွပ်၍ ကျောက်စိမ်းတံဖြင့်လိပ်ကာ ထင်းရှူးသေတ္တာတွင်ထည့်၍ သိမ်းဆည်းထားလေသည်။ သူသည် ထိုပန်းချီကားကို ပန်းချီဆရာကြီးမှလွဲ၍ အခြား မည်သူ တစ်ဦး တစ်ယောက်ကိုမျှ ထုတ်မပြချေ။

တစ်နေ့တွင် သူသည် ပန်းချီကားကို ပိုးထိုးမည်စိုး၍ သေတ္တာ အတွင်းမှထုတ်ယူ၍ ဖြန့်ကာ နေပူလှန်းလေသည်။

ထိုအချိန်တွင် နွားကျောင်းသားတစ်ယောက်သည် အိမ်ဝင်း အတွင်း ဝင်လာပြီး နေပူလှန်းထားသော ပန်းချီကားကို ကြည့်ကာ ပြုံးလေသည်။

ပန်းချီဆရာကြီးက "ဒီနွားနှစ်ကောင်ဟာ တကယ် ဝှေ့နေတာနဲ့ မတူဘူးလား"ဟု ပြောဆိုသည်။

"နွားနဲ့တော့ တူပါတယ်"ဟု နွားကျောင်းသားက ပြောသည်။ ပြုံးမြဲ ပြုံးလျက် ရှိသည်။

ထိုအခါ ပန်းချီဆရာကြီးက "မတူတဲ့နေရာများ ရှိသေးလို့လား ကွာ"ဟု ဆိုသည်။

နွားကျောင်းသားက "နွားချင်း ဦးချိုနဲ့ ဝှေ့တဲ့အခါမှာ အမြီး

ဟာ တွေ့ရမ်းမနေပါဘူး၊ အမြီးကို တင်ပါးဆုံမှာ ကုပ်ထားပါတယ်။ ဒီလိုအမြီးရမ်းပြီးတွေ့တဲ့နွားမျိုး တစ်ခါမှမမြင်ဖူးပါဘူး"ဟု ပြောဆိုလေသည်။

ပန်းချီဆရာကြီးကား ပါးစပ်အဟောင်းသား ဖြစ်သွားရရှာလေသည်။ ။

The fighting oxen.

တပည့်၏ဆင်ခြေ

တစ်ညတွင် အီဇူသည် သူ့တပည့်အား မီးကျောက်ခတ် ရိုက်ခတ်၍ မီးထွန်းညှိရန် ပြောဆိုသည်။ သို့သော် အချိန်အတန်ကြာသည့်တိုင်အောင် မီးကျောက်ခတ်ကို ရိုက်ခတ်သော်လည်း မီးမပွင့်ချေ။ ထို့ကြောင့် အီဇူသည် သူ့တပည့်အား ပြစ်တင်ဆူပူ ကြိမ်းမောင်းလေသည်။ ထိုအခါ တပည့်က "ဆရာကြီးရယ် . . ., ဒီလောက်မှောင်မည်းနေတာ ကျွန်တော်တို့ မီးကျောက်ခတ်ကို ဘယ်လိုရှာဖွေလို့ ရနိုင်ပါ့မလဲ။ ဆရာကြီးအနေနဲ့ ဖယောင်းတိုင်ကိုသာ မီးထွန်းပေးပါ၊ ကျွန်တော်တို့ မီးကျောက်ခတ်ကို အတူတူရှာကြတာပေါ့"ဟု ဆင်ခြေပေး ပြောဆိုလိုက်လေသည်။ ။

Lighting a candle to find the flint.

ဘဲငန်း ချက်ပြုတ်နည်း ၂-နည်း

တစ်ခါက လူတစ်ယောက်သည် သူ့ညီနှင့်အတူ လျှောက်လာရာ ကောင်းကင်တွင် တောဘဲငန်းတစ်ကောင် ပျံသန်းသွားသည်ကို တွေ့မြင်သွားသည်။ သူသည် တောဘဲငန်းကို လေးနှင့်ပစ်ရန် ချိန်ရွယ်၍ "ဒီတောဘဲငန်းကို ပစ်ချပြီး နှပ်ချက်စားလိုက်ရင် ဘယ်လောက် အရသာရှိလိုက်မလဲ" ဟု သူ့ညီအား ပြောဆိုလေသည်။

ထိုအခါ သူ့ညီက "အစ်ကိုကလဲ၊ ချက်ပြုတ်စားတာနဲ့ စာရင် မီးကင်စားတာက ပိုကောင်းလိမ့်မယ်"ဟု ပြန်ပြောသည်။

ညီအစ်ကို နှစ်ယောက်သည် ဘဲငန်းကို မည်သို့ ချက်ပြုတ်စားသင့်သည်ဆိုသည်နှင့် ပတ်သက်၍ ငြင်းခုံလျက်ရှိရာ အပြင်းထန်ဆုံးအခြေအနေသို့ ရောက်ရှိလာသည်။ ထိုသို့ဖြင့် သူတို့သည် သူတို့၏အကြီးအကဲထံသို့ ရောက်ရှိလာကြပြီး သူတို့ ပြဿနာကို ဖြေရှင်းပေးရန် ပြောဆိုကြသည်။ သူတို့၏ အကြီးအကဲက ငန်းကို

တစ်ဝက်စီ ခွဲဝေယူကြပြီး မိမိကြိုက်နှစ်သက်သလို ချက်စားကြရန် အဆုံးအဖြတ်ပေးလိုက်သည်။

ထိုသို့ဖြင့် ညီအစ်ကိုနှစ်ဦးသည် တောဘဲငန်းကို ပစ်ချရန် တောဘဲငန်း တွေ့ခဲ့သည့် နေရာသို့ ပြန်လာခဲ့ကြသည်။ သို့သော် သူတို့သည် တောဘဲငန်းကို မတွေ့ရှိတော့ပေ။ တောဘဲငန်းကား အဝေးသို့ ပျံသန်းသွားချေပြီ။ ။

Two ways of cooking the goose.

နတ်နှင့် လူ

တစ်ခါက ရွာလမ်းဘေး တစ်နေရာတွင် နတ်စင်တစ်စင် ရှိသည်။ ထိုနတ်စင်တွင် နတ်ရုပ်တစ်ရုပ်ရှိသည်။ တစ်နေ့တွင် လူတစ်ယောက်သည် လမ်းလျှောက်လာရာ မြောင်းတစ်မြောင်းက ကာဆီးနေသည်ကို တွေ့ရှိရသည်။ သူသည် လမ်းကို မဖြတ်ကူးနိုင်ဘဲ ရှိနေသည်။ ထိုအခါသူသည် နတ်စင်ပေါ်က နတ်ရုပ်ကို ချီချကာ တံတားအဖြစ် မြောင်းပေါ်တွင်ချခင်းပြီး ကျော်ဖြတ်သွားလေသည်။ ထိုအချိန်တွင် တခြားသူတစ်ယောက်သည် ထိုအခြင်းအရာကိုမြင်သော် များစွာစိတ်မကောင်းဖြစ်သွားပြီး နတ်ရုပ်ကြီးကို သူ့နေရာအတိုင်း နတ်စင်တွင် နေရာတကျ ပြန်ထားလိုက်လေသည်။ နတ်ကြီးက သူ့ကို မပူဇော်ဘဲ ရိုးရိုးပြန်ရွှေ့ထား၍ စိတ်ခုသွားသည်။ ထို့ကြောင့် နတ်ကြီးက သူ့ကိုဖမ်းစားလိုက်သဖြင့် ခေါင်းကိုက်ရောဂါ ဝေဒနာကို ခံစားရလေသည်။

ထိုအခါ နတ်တရားသူကြီးနှင့် သရဲတစ္ဆေများသည် အတော်အံ့သြသွားကြကာ . . .

"သင့်ကို တံတားလုပ်ပြီး ကျော်နင်းသွားတဲ့သူကို မဖမ်းစားဘဲ နတ်စင်ပေါ် ပြန်တင်ပေးတဲ့ လူကိုတော့ ဘာလို့ဖမ်းစားရတာလဲ" ဟု နတ်ကြီးကို ပြောဆိုကြသည်။

နတ်ကြီးက . . .

"မင်းတို့ ဘာသိလို့လဲ၊ လူကောင်းကို အနိုင်ကျင့်ရတာ ပိုပြီး လွယ်တယ်ကွ"ဟု ပြောဆိုလိုက်လေသည်။ ။

A good man is easy to bully.

ဖောက်ပြန်သော ရာသီဥတု

ဆောင်းတစ်ညတွင် စစ်ဗိုလ်ချုပ်ကြီးတစ်ဦးသည် တဲအတွင်း၌ အရက်ထိုင်သောက်နေသည်။ သူ့ဘေးတွင် ဖယောင်းတိုင်နှစ်တိုင်ကို ထွန်းညှိထားပြီး မီးဖိုထဲမှာလည်း မီးများ တောက်လောင်လျက်ရှိသည်။ သူသည် အရက်အနည်းငယ်သောက်မိသောအခါ နဖူးမှ ချွေးများ ကျဆင်းလာလေသည်။

စစ်ဗိုလ်ချုပ်ကြီးက “ရာသီက ဖောက်ပြန်နေတယ်၊ ဆောင်းတွင်းကြီးတောင် ပူအိုက်နေတယ်”ဟု ညည်းလေသည်။

ထိုအခါ တဲအပြင်ဘက်တွင် ကင်းစောင့်နေသော စစ်သားသည် စစ်ဗိုလ်ချုပ်ကြီး၏ ညည်းသံကို ကြားလိုက်ရသည်။ သူသည် ချမ်းအေးလှသဖြင့် တစ်ကိုယ်လုံး ခိုက်ခိုက်တုန်နေသည်။ စစ်သားသည် စစ်ဗိုလ်ချုပ်ကြီး၏ တဲထဲ ဝင်လာပြီး . . .

"ကျွန်တော်တို့ ရပ်နေတဲ့ နေရာကတော့ ရာသီဥတုမှန်ပါတယ်၊ ဗိုလ်ချုပ်ကြီး မယုံရင် အပြင်ကိုထွက်ကြည့်ပါ"ဟု ပြောဆိုလိုက်လေသည်။ ။

Abnormal weather.

အတွင်းနှင့် အပြင်

တစ်ခါက ခွဲစိတ်သမားတော်တစ်ယောက် ရှိသည်။ သူသည် သူ့ပညာရပ်နှင့်ပတ်သက်၍ အစဉ်အမြဲ ကြွားဝါလေ့ရှိသည်။ တစ်ခါသော် စစ်သားတစ်ယောက်သည် ခြေထောက်ကို မြားမှန်၍ သူ့ထံ လာရောက်ပြသည်။

သမားတော်သည် အသားတွင် စိုက်နေသော မြားကို ကတ်ကြေးထက်ထက်ဖြင့် ဖြတ်တောက်ပစ်လိုက်သည်။ ထို့နောက် စစ်သားထံ ကုသခငွေကို တောင်းခံသည်။

ထိုအခါ စစ်သားက "အသားထဲမှာ မြားဦး ကျန်နေသေးတယ်" ဟု ဆိုသည်။

သမားတော်က "ဒါဟာ ကျုပ်နဲ့ မဆိုင်ဘူး၊ ခန္ဓာကိုယ်အတွင်းပိုင်းနဲ့ ဆိုင်တယ်။ အတွင်းစားဆေးပေးကုသတဲ့ သမားတော်နဲ့ ဆိုင်တယ်၊ သူ့ကို သွားပြပေါ့"ဟု ပြောဆိုလိုက်လေသည်။ ။

Nothing to do with me.

အသိဉာဏ်နည်းသူနှင့် ခွေးခြေ

တစ်ခါက 'ယူကွန်' ဆိုသူ တစ်ဦး ရှိလေသည်။ သူ့တွင် အလွန်နိမ့်သော ခွေးခြေပုကလေးတစ်လုံး ရှိသည်။ သူသည် ထိုခွေးခြေကလေးကို အလွန်နှစ်သက်သည်။ သူသည် ခွေးခြေကလေး အလွန်နိမ့်နေသည့်အတွက် ခွေးခြေအောက်တွင် အုတ်ခဲများ ခုရသည်။ သို့သော် အုတ်ခဲများ သယ်ယူရွှေ့ရ၍ အလွန်အလုပ်ရှုပ်သည်။

တစ်နေ့တွင် သူသည် အကြံတစ်ခု ရရှိသည်နှင့် သူ့အမှုထမ်းတစ်ယောက်အား . . .

"ဒီခွေးခြေကို အိမ်ပေါ်တင်လိုက်" ဟု အမိန့်ပေးလိုက်လေသည်။ သူက ခွေးခြေကို အိမ်ပေါ်တင်လိုက်လျှင် မြင့်လာမည်ဟု ထင်မြင်ယူဆနေလေသည်။ သူသည် ခွေးခြေကလေးပေါ်တက်ထိုင်လိုက်သောအခါ ခွေးခြေကလေးသည် အောက်ထပ်မှာကဲ့သို့ နိမ့်မြဲ နိမ့်လျက်ရှိနေလေသည်။

ထိုအခါ ယူကွန်က . . .

"လူတွေပြောတုန်းကတော့ အိမ်အပေါ်ထပ်က မြင့်တယ်ဆို၊ ဘာလို့ ကျုပ်ခွေးခြေကလေးမမြင့်လာတာလဲ" ဟု ဒေါသတကြီး ပြောဆိုလိုက်လေသည်။ ။

The low stool.

အကြောက်လွန်သော ပိန်ညင်းငှက်

ပိန်ညင်းငှက်သည် သတ္တိနည်းသော ငှက်သတ္တဝါ ဖြစ်သည်။ ထိုငှက်သည် ဘေးအန္တရာယ်ကိုကြောက်၍ အသိုက်ကို အမြင့်ဆုံး သစ်ပင်ထိပ်တွင် တည်ဆောက်လေ့ရှိသည်။ သို့သော် ဥများ အသိုက်ကြားထဲက လျှောကျမည်စိုးသဖြင့် ခပ်နိမ့်နိမ့်နေရာတွင် အသိုက်တစ်ခုကို ပြုလုပ်ထားရှိပြီး ဥများကို ရွှေ့ထားလေသည်။ ငှက်ကလေးများသည် အတောင်အလက် စုံလင်လာသောအခါ ပိန်ညင်းငှက်မကြီးသည် သူ့ကလေးများအတွက် ပိုမိုစိုးရိမ်လာပြန်သည်။ သူ့ကလေးများ မပျံတတ်ပျံတတ်ဖြင့် မြေကြီးပေါ် လိမ့်ကျသွားမည်စိုး၍ မြေကြီးနှင့် နီးသော နေရာတွင် အသိုက်တစ်ခု ဆောက်ပြန်သည်။ ထိုအသိုက်သည် မြေကြီးနှင့် အလွန်နီးကပ်၍ အသိုက်ထဲမှငှက်ငယ်ကလေးများကို ကလေးငယ်များပင် အလွယ်တကူ နှိုက်ယူနိုင်လေသည်။ ။

The king fisher.

အငြင်းသန်သူ

ချူပြည်နယ်တွင် နေထိုင်သူ တစ်ဦးသည် 'ချင်း' ဘယ်ကရသည်ကို မသိချေ။ ချင်းကို သစ်ပင်ပေါ်မှ ရရှိသည်ဟု ထင်ထားလေသည်။

လူတစ်ယောက်က ချင်းသည် မြေကြီးတွင် ဥသည်ဟုဆိုသော်လည်း သူက မယုံကြည်ပေ။ "ကျွန်တော်တော့ ချင်းဟာ မြေကြီးထဲမှာ ဥတယ်ဆိုတာ မယုံဘူး။ ဟုတ် မဟုတ် လူဆယ်ယောက်ကို လိုက်မေးကြည့်မယ်။ တကယ်လို့ လူဆယ်ယောက် စလုံးက ချင်းဟာ မြေကြီးထဲမှာ ဥတယ်လို့ဆိုရင် ကျုပ်မြည်းကို ခင်ဗျားကို ပေးမယ်"ဟု ပြောဆိုသည်။

ထိုသို့ဖြင့် ချူပြည်နယ်သားသည် ရှုံးနိမ့်သွားလေသည်။ သူက "ကဲ ခင်ဗျားနိုင်ပြီပဲ၊ ကျုပ်မြည်းကို ယူပေတော့။ ဒါပေမဲ့ ခင်ဗျားသိထားဖို့က ချင်းဟာ သစ်ပင်ပေါ်မှာသီးတာဗျ"

ဟု ဆက်လက်ငြင်းနေသေးသည်။ ။

The man who would not admit his mistake.

လာဘ်စားသူ

တစ်ခါက အဂတိလိုက်စားသော လူတစ်ယောက်ရှိသည်။ သူသည် ရိုးသားကြောင်းပြချင်သည်။ ထို့ကြောင့် သိက္ခာသမာဓိရှိယောင် ဆောင်သည်။ သူသည် ရာထူးလက်ခံစတွင် ကျမ်းသစ္စာကျိန်ဆိုခဲ့ရာ "တစ်ပါးသူထံမှ လာဘ်စားခဲ့လျှင် ဘယ်လက်နှင့်ယူသော် ဘယ်လက်ပုပ်ပါစေ၊ ညာလက်နှင့်ယူသော် ညာလက်ပုပ်ပါစေ"ဟု သစ္စာဆိုခဲ့သည်။

တစ်နေ့တွင် လူတစ်ယောက်သည် ငွေဒင်္ဂါးပြားတစ်ရာကို လက်ဆောင်အဖြစ် သူ့အားလာပေးသည်။ သူသည် လာဘ်လာဘ လိုချင်သော်လည်း ကျမ်းသစ္စာစူးမည်ကို အလွန်ကြောက်ရွံ့၍ ငွေကိုလက်မခံဘဲ ငြင်းဆိုလိုက်သည်။

ထိုအခါ လက်အောက်ငယ်သားတစ်ယောက်က သူ့ဆရာအကြောင်းကိုသိနေ၍ "ဆရာရယ် . . .၊ ငွေထုပ်ကို လက်နဲ့မကိုင်ဘဲ အင်္ကျီလက်အိုးထဲထည့်လိုက်ရင် လက်ပုပ်စရာ ဘာမှမရှိပါဘူး။

အင်္ကျီလက်မောင်းအိုးပဲ ပုပ်မှာပါ”ဟု ပြောဆိုအကြံပေးသည်။

လာဘ်စားသူ အရာရှိက “အေး . . . ဒီအကြံကောင်းတယ်” ဟု ဆိုကာ လာဘ်ငွေကိုလက်ခံရယူလိုက်လေသည်။ ။

Honesty.

ကွေ့ချိုမြို့မှ မြည်း

ကွေ့ချိုမြို့တွင် မြည်းများမရှိပေ။ သူတို့သည် တစ်နေရာမှ တစ်နေရာသို့ လှေဖြင့်သာ သွားလာကြသည်။ ထိုအချိန်တွင် လူတစ်ယောက်သည် မြည်းတစ်ကောင်ကို အခြားဒေသမှ ဝယ်လာသည်။ သို့သော်မြည်းကို မည်သို့အသုံးချရမှန်း မသိပေ။ ထို့ကြောင့် မြည်းကို တောင်စောင်းတစ်နေရာတွင် လွှတ်၍ထားလေသည်။

တစ်နေ့တွင် ကျားတစ်ကောင်သည် ထိုမြည်းကိုမြင်သွားသည်။ သူ့ထက်ထွားကြိုင်းသောမြည်းကို မြင်သောအခါ ထူးဆန်းသော သတ္တဝါတစ်မျိုးဖြစ်ရမည်ဟုယူဆကာ ချုံကွယ်တစ်နေရာမှ ချောင်းကြည့်၏။

နောက်တစ်နေ့တွင်လည်း ကျားသည် မြည်းကို ဆက်လက်အကဲခတ်နေသည်။ ထိုစဉ်မြည်းသည် ရုတ်တရက် ဟီးလိုက်ရာ

ကျားသည် တစ်ချိုးတည်း ပြေးလေတော့သည်။ သို့သော် ကျားသည် မြည်း၏အနားသို့ ပြန်၍ချဉ်းကပ်လာသော်လည်း မြည်းသည် ရန်လိုပုံပင် မပေါ်။ နဂိုမူလအတိုင်းပင် တွေ့ရလေသည်။

ထို့ကြောင့် ကျားသည်မြည်းနားသို့ တိုးကပ်သွားကာ ရှေ့ကကြည့်လိုက်၊ နောက်ကကြည့်လိုက် လုပ်နေသည်။ ကြောက်စရာ အရိပ်အယောင်ဟူ၍ တစိုးတစိမျှ မတွေ့ရချေ။ သို့သော် ကျားသည် မြည်းအပေါ်သို့ ခုန်မအုပ်ရဲသေးပေ။ တစ်ဖန် မြည်းနားသို့ တိုးကပ်သွားပြန်သည်။ မြည်းက ရန်မမူ၊ ထွက်မပြေး။ ကျားသည် ရဲတင်းစွာဖြင့် မြည်းနားကပ်ပြီး ကိုယ်နှင့်တိုက်လိုက်၊ ခေါင်းနှင့်ဖေ့လိုက်၊ လက်ဖြင့်ပုတ်လိုက်လုပ်နေသည်။ ထိုအခါကျမှ မြည်းသည် စိတ်ဆိုးလာပြီး နောက်ခြေနှစ်ချောင်းဖြင့် ကျားကို ကန်လိုက်သည်။

"သူ့အစွမ်းက ဒါပဲကိုး"ဟု ကျားက စဉ်းစားမိသွားပြီး မြည်းအပေါ် တစ်ဟုန်ထိုး ခုန်အုပ်လိုက်လေသည်။ ထို့နောက် မြည်း၏လည်ချောင်းသွေးကို သောက်ပြီး အသားကိုစားပစ်လိုက်လေသည်။ ။

The donkey of kweichow.

ချဉ်သည့်အရက်

စုချင်သည် ပညာတော်သင်သွားသော်လည်း မည်သည့်ရာထူးမျှမရ၍ အိမ်သို့ မျက်နှာငယ်စွာဖြင့် ပြန်လာလေသည်။ တစ်နေ့တွင် သူ့ဖခင်၏မွေးနေ့ပွဲ ကျင်းပသည်။

စုချင်၏အစ်ကိုကြီးက ဖခင်အား အရက်ဖြင့်ကန်တော့သည်။ ဖခင်ဖြစ်သူက အကောင်းဆုံးအရက်ဟု ချီးမွမ်းသည်။ စုချင်က လည်း အစ်ကိုကြီးနည်းတူ ဖခင်အား အရက်ဖြင့်ကန်တော့သည်။ ဖခင်က မျက်နှာရှုံ့မဲ့ကာ . . .

"ဒီလောက်ချဉ်စော်နံတဲ့အရက်နဲ့ ဘာလို့လာကန်တော့တာလဲ"ဟု အော်လွှတ်သည်။

ထိုအခါ စုချင်၏ဇနီးဖြစ်သူသည် သူ့ယောက်ျား၏ ဝိုင်အရက်ချဉ်မှန်းသိ၍ စုချင်၏အစ်ကိုထံမှဝိုင်အရက်ကိုချေးယူကာ ယောက္ခမကြီးကို ဝိုင်အရက်ကန်တော့သည်။ ယောက္ခမကြီးက

"အရက်က ချဉ်လှချည်လား"ဟု ဆိုကာ အော်လွှတ်ပြန်လေသည်။

စုချင်၏ဇနီးက ယောက္ခမကြီးအား . . .

"ဒီအရက်ဟာ စုချင်အစ်ကိုကန်တော့တဲ့ အရက်နဲ့အတူတူပါပဲ"ဟု ပြောဆိုသည်။

ထိုအခါ ယောက္ခမကြီးက . . .

"မင်းတို့ဟာ တော်တော်လာဘ်တိတ်တဲ့သူတွေပဲ၊ မင်းတို့လက်နဲ့ထိရင် ဝိုင်အရက်ချိုတောင် အချဉ်ဖြစ်နိုင်မှာပဲ"ဟု အော်ငေါက်လိုက်ပြန်လေသည်။ ။

Sour wine.



သူများရယ်၍ လိုက်ရယ်သူ

မျက်မမြင်တစ်ယောက်သည် အခြားသူများနှင့်အတူ ထိုင်နေသည်။ အခြားသူများသည် ရယ်စရာတွေ့၍ ရယ်မောကြသောအခါ မျက်မမြင်ကလည်း လိုက်၍ရယ်လေသည်။ သူ့ကို အဘယ်ကြောင့်ရယ်ရသနည်းဟု အားလုံးကဝိုင်းမေးကြသည်။

ထိုအခါ မျက်မမြင်က . . .

"ခင်ဗျားတို့ရယ်လို့ ကျုပ်လည်း လိုက်ရယ်တာပဲ၊ ဘာရယ်လို့ မသိပါဘူးဗျာ"ဟူ၍ ပြန်ပြောလိုက်လေသည်။ ။

Laugh with others.

တဒဂ်

အထက်တန်းအရာရှိတစ်ယောက်သည် ဘုန်းကြီးကျောင်းသို့ အလည်သွားရောက်မည်ဖြစ်ရာ ထိုကျောင်းမှ ဘုန်းကြီးများကို စားဖွယ်သောက်ဖွယ်များပြင်ဆင်ထားရန် သုံးရက်ကြိုတင်၍ အကြောင်းကြားထားလိုက်သည်။ ထို့ကြောင့် ဘုန်းကြီးများအားလုံး အလုပ်များကြကုန်လေသည်။

ထိုဘုန်းကြီးကျောင်းကို တောကြီးထဲတွင် ဆောက်လုပ်ထားခြင်းဖြစ်သည်။ စိမ်းလန်းစိုပြည်သော ဝါးရုံပင်များဖြင့် အလွန်သာယာလှသည်။ အထက်တန်းအရာရှိသည် ကျောင်းဝင်းအတွင်း နေရာအနှံ့လှည့်ပတ်ကြည့်ရှုသည်။ သူသည် သာမောဖွယ်မြင်ကွင်းကိုမြင်ရ၍ အလွန်ပီတိဖြစ်နေသည်။ ကြည်နူးနေမိသည်။ ထို့နောက် အရာရှိသည် ဘုန်းကြီးများနှင့် အရက်ထိုင်သောက်ရင်း အောက်ပါ ဟန်မင်းဆက် ကဗျာတစ်ပုဒ်ကို ရွတ်ဆိုလေသည်။

ဘုန်းတော်ကြီးကျောင်းကို ဖြတ်သွားစဉ် ကျွန်ုပ်သည် ဘုန်းကြီးများနှင့် စကားစမြည်ပြောဆိုခွင့်ရရှိလိုက်သည်။

အလုပ်များဖြင့် ရှုပ်ထွေးပွေလီနေသော ကျွန်ုပ်အဖို တဒင်္ဂ အတွင်း ပျော်ရွှင်ချမ်းသာမှုကို ရရှိသွားသည်။

ထိုအခါ ဘုန်းတော်ကြီးသည် ပြုံးလေသည်။ အထက်တန်းအရာရှိကြီးက အဘယ်ကြောင့်ပြုံးရသနည်းဟု မေးသည်။ ဘုန်းတော်ကြီးက . . .

"အသင် ခဏတာပျော်ရွှင်မှုရတာတော့ ဟုတ်ပါရဲ့။ ဘုန်းကြီးတို့မှာတော့ အသင်လာမယ်ဆိုလို့ သုံးရက်လုံးလုံး ဖားသွားတော့တာပဲ"ဟုပြောဆိုလိုက်လေသည်။ ။

A moment of ideness



ဗီလားငါး

ဗီလားငါးသည် ခြေရှစ်ချောင်းရှိသောငါး ဖြစ်သည်။ လူက ဖမ်းလျှင် ခြေရှစ်ချောင်းကို ပါးစပ်ထဲသို့သွင်း ဗိုက်အောက်တွင် ဝှက်ထားလိုက်ပြီး အမည်းရောင်များ မှုတ်ထုတ်ကာ မိမိကိုယ်ကို ကာကွယ်လေသည်။ အရောင်မှုတ်ထုတ်လိုက်သည်ကို တံငါသည် မြင်သော် တံငါသည်သည် အမည်းကွက်တစ်ခုလုံးပေါ်သို့ ပိုက်ကွန်ဖြင့်အုပ်ပြီးဖမ်းလိုက်ရာ ဗီလားငါးသည် ပိုက်ကွန်ထဲသို့ ပါလာလေသည်။ ။

The cuttlefish.

သစ်ကိုင်းခွ

တစ်ခါက တောင်တစ်တောင်ပေါ်တွင် နေထိုင်ကြသော လူများသည် သစ်ကိုင်းခွများကို ခွေးခြေထောက်အဖြစ် အသုံးပြုကြလေသည်။

တစ်နေ့တွင် ခွေးခြေကျိုးသွားသဖြင့် ဖခင်ဖြစ်သူက သူ့သားအား သစ်ကိုင်းခွတစ်ခု ခုတ်ယူလာရန် ခိုင်းစေလိုက်သည်။ သားဖြစ်သူသည် ပုဆိန်ကိုဆွဲ၍ တောထဲသို့ ထွက်လာခဲ့သည်။ သားဖြစ်သူသည် ညနေကုန်ဆုံးသော်လည်း သစ်ကိုင်းခွကို ရှေးမရချေ။ ထိုသို့ဖြင့် သူသည် လက်ချည်းသက်သက်ဖြင့် အိမ်သို့ ပြန်လာခဲ့လေသည်။ သူ့ဖခင်က သူ့ကိုဆူပူသော် သူက "အဖေရယ်၊ တောထဲမှာ သစ်ကိုင်းခွတွေကတော့ အများကြီးပါပဲ။ ဒါပေမဲ့ သစ်ကိုင်းခွတွေဟာ အောက်ကိုခွပြီး ကျနေကြတာမဟုတ်ဘူး၊ အပေါ်ကို ထောင်နေကြတာမို့ သား မခုတ်ခဲ့တာပါ။ အပေါ်ကို ပြောင်းပြန်

ထောင်နေတဲ့ သစ်ကိုင်းခွကို ဘယ်လိုလုပ် ခွေးခြေထောက်တပ်လို့
ရပ့ါမလဲ အဖေရယ်”ဟု ပြောဆိုလိုက်လေသည်။ ။

The free fork.

လူ့လောဘ

တစ်ခါက ဆင်းရဲသားတစ်ယောက်သည် လမ်းတွင် ဝိဇ္ဇာမိုရ် တစ်ပါးနှင့် တွေ့ဆုံသည်။ ထိုဝိဇ္ဇာမိုရ်သည် ဆင်းရဲသား၏ မိတ်ဟောင်း ဆွေဟောင်း ဖြစ်သည်။ သူဆင်းရဲက သူ့မိတ်ဆွေ ဝိဇ္ဇာမိုရ်အား သူ ဆင်းရဲလျက်ရှိကြောင်း ပြောပြသည်။ ထိုအခါ ဝိဇ္ဇာမိုရ်က သူဆင်းရဲအား မစရန် လမ်းဘေးရှိ အုတ်ခဲတစ်လုံးအား လက်ညှိုးဖြင့်ထိုးလိုက်သည်။ ထိုအခါ အုတ်ခဲသည် ချက်ချင်းပင် ရွှေတုံးကြီးဖြစ်သွားလေသည်။ ဝိဇ္ဇာမိုရ်က ရွှေတုံးကြီးကို သူ့ မိတ်ဆွေ သူဆင်းရဲအား ပေးလိုက်သည်။ သို့သော် သူဆင်းရဲသည် ရွှေတုံးကြီးရသည်ကို မကျေနပ်နိုင်သေးပေ။ ထပ်မံလိုချင်ပြန်သည်။ ထို့ကြောင့် ဝိဇ္ဇာမိုရ်သည် အလွန်ကြီးမားသော ရွှေသား စစ်စစ်ဖြင့် ပြုလုပ်ထားသည့် ရွှေခြသေ့ရုပ်ကြီးကို ဖန်ဆင်း၍ပေးပြန်လေသည်။ ထိုအခါတွင်လည်း သူဆင်းရဲက မကျေနပ်နိုင်သေးပေ။

ထိုအခါ ဝိဇ္ဇာဓိုရ်က သူ့မိတ်ဆွေ သူဆင်းရဲအား . . .

"ဘာများ ထပ်မံလိုချင်သေးလဲ"ဟု မေးလေသည်။

သူဆင်းရဲ၏ဖြေပုံကြောင့် ဝိဇ္ဇာဓိုရ်ကြီးမှာ ပါးစပ်အဟောင်းသား ဖြစ်သွားရလေသည်။ သူဆင်းရဲ၏ ဖြေကြားပုံမှာ . . .

"ငါ .... မင်းရဲ့လက်ညှိုးကို လိုချင်တယ်" ဟူ၍ ဖြစ်သည်။ ။

I want your finger.

ထုံးစံ

တစ်ခါက လူတစ်ယောက်သည် ရာထူးတက်၍ ရာထူးဝန် အဆင့်ဖြင့် မြို့တစ်မြို့သို့ ပြောင်းရွှေ့ရောက်ရှိလာသည်။ ထို ရာထူးဝန်သည် မြို့ခံ ဂုဏ်သရေရှိ လူကြီးလူကောင်းများကို ဖိတ်ကြားပြီး မိတ်ဆက်ဧည့်ခံပွဲ ကျင်းပသည်။ မိတ်ဆက်ပွဲတွင် တေးဂီတ အဖွဲ့တစ်ဖွဲ့ကိုလည်း ငှားရမ်းပြီး ဖြေဖျော်စေသည်။

ဧည့်ခံပွဲတွင် အဆိုတော်တစ်ယောက်က ထ၍ "လူဟောင်းပြောင်း၍ လူသစ်ရောက်လာတယ်၊ ဂြိုဟ်ဆိုးသွား၍ ဂြိုဟ်ကောင်းရောက်လာတယ်"ဟူ၍ ကောင်းချီးသြဘာ ပေးလေသည်။ ရာထူးဝန်သည် သူ့ကို 'ဂြိုဟ်ကောင်း'ဟု အပြောခံရသဖြင့် များစွာနှစ်သက်သွားသည်။ ထို့ကြောင့် သူက အဆိုတော်အား "ဒီကောင်းချီးသြဘာ စာကို ဘယ်သူရေးတာလဲ"ဟု မေးသည်။

အဆိုတော်က "ကျွန်ုပ်တို့မြို့မှာတော့ ဒါဟာ ထုံးစံဖြစ်နေပါ

ပြီ၊ ရာထူးဝန်တစ်ယောက် ပြောင်းလာတိုင်း ဒီလိုပဲ ဩဘာစာ ဖတ်ပါတယ်။ ဒါပေမဲ့ ဒီဩဘာစာကိုတော့ ဘယ်သူရေးမှန်း မသိပါဘူး" ဟု ပြန်ဖြေလိုက်လေသည်။ ။

Old custom.

ပရိယာယ်သုံးသော မုဆိုး

သားရဲတိရစ္ဆာန်လောကတွင် သမင်က ဝံပုလွေကိုကြောက်၏။ ဝံပုလွေက ကျားကို ကြောက်၏။ ကျားက တောဝက်ဝံကို ကြောက်၏။ ဝက်ဝံသည် သတ္တဝါများတွင် ခွန်အားဗလ အကြီးမားဆုံးဖြစ်သည်။ မတ်တပ်ရပ်၍ သွားနိုင်သည်။ ဆံပင်များကလည်း ရှည်လျားစွာ ကျဆင်းလျက် ရှိသည်။ ထို့ကြောင့် ဝက်ဝံသည် သတ္တဝါများတွင် အကြမ်းတမ်းဆုံး သတ္တဝါ ဖြစ်သည်ဟု ဆိုကြသည်။

ထိုအချိန်တွင် ချူမြို့တောင်ပိုင်းဒေသတွင် မုဆိုးတစ်ဦးရှိလေသည်။ သူသည် ဝါးပလွေဖြင့် တိရစ္ဆာန်အမျိုးမျိုးတို့၏အသံနှင့်တူအောင် မှုတ်တတ်၏။ ထိုသို့ဖြင့် သူသည် တောင်ပေါ်မှသမင်များကို ပလွေဖြင့် မျှားခေါ်ပြီး အနားရောက်သော် လေးဖြင့် ပစ်ဖမ်းလေ့ရှိသည်။

တစ်နေ့တွင် မုဆိုးသည် ပလွေကိုမှုတ်၍ သမင်ကိုမျှားခေါ် နေစဉ် ဝံပုလွေသည် သမင်လာသံကြား၍ ပြေးထွက်လာသည်။ မုဆိုးသည် ဝံပုလွေကိုမြင်သော် အလွန်ကြောက်ရွံ့ထိတ်လန့်သွားလေသည်။ ထို့ကြောင့် မုဆိုးသည် ဝံပုလွေကကျားကို ကြောက်မှန်းသိ၍ ပလွေဖြင့် ကျားဟိန်းသံကို ပြုသည်။ ထိုအခါ ဝံပုလွေသည် ထွက်ပြေးသွားလေသည်။ သို့သော် ကျားတစ်ကောင်သည် ကျားသံ ကြား၍ ရောက်ရှိလာ ပြန်သည်။ မုဆိုးသည် ကြောက်ရွံ့သွားပြန်သည်။ ထို့ကြောင့် သူသည် ကျားကြောက်သော ဝက်ဝံအသံကို ပလွေမှုတ်ပြသည်။ ကျားသည် ဝက်ဝံသံကြားသော် ထွက်ပြေးသွားလေသည်။ သို့သော် ဝက်ဝံတစ်ကောင်သည် ဝက်ဝံသံကြား၍ ထွက်လာပြန်လေသည်။ ဝက်ဝံသည် မုဆိုးကိုတွေ့သော် မုဆိုး၏ကိုယ်ကို ဆုတ်ဖြကာ စားသောက်လေတော့သည်။ ။

The hunter who used tricks.

ကြောက်သူ

တစ်ခါက တင်ချိုမြို့တွင် 'ဆွန်ရင်ကောင်း' အမည်ရှိ အုပ်ချုပ်ရေးမှူးတစ်ဦး ရှိလေသည်။ တစ်နေ့တွင် တင်ချိုမြို့သူ မြို့သားများနှင့် တူရကီတို့ စစ်ဖြစ်ရာ တင်ချိုမြို့သည် စစ်ရေး ရှုံးနိမ့်၍ မြို့တံခါးကို ပိတ်ထားရလေသည်။ တင်ချိုမြို့အား ရန်သူ တူရကီစစ်သားများက ဝိုင်းရံ ပိတ်ဆို့ထားလေသည်။

ဆွန်ရင်ကောင်းသည် အလွန်ကြောက်ရွံ့ကာ နေအိမ်တံခါးကို ပိတ်၍ အိမ်ထဲတွင်ပုန်းအောင်းနေလေသည်။ ရုံးအမှုများကို မလွှယ်ပေါက်မှ ပို့ပေးခိုင်းသည်။

မကြာမီ မြို့တွင်းသို့ တူရကီ လူမျိုးများ ဝင်ရောက်လာလေသည်။ ဆွန်ရင်ကောင်းသည် အိမ်ထဲတွင် ပုန်းနေရသည်မှာ မလုံခြုံဟုယူဆကာ သေတ္တာဗီရိုကြီးတစ်လုံးထဲတွင် ပြေး၍ ဝင်ရောက်ပုန်းနေလေသည်။ ထို့နောက် အမှုထမ်းများအား "ဗီရိုအပြင်ဘက်

က သော့ခတ်ထား၊ ရန်သူတွေက သော့တောင်းရင်မပေးနဲ့”ဟု မှာကြားလေသည်။

ဆွန်ရင်ကောင်းသည် တုတ်ပြီး နှောင်ပြီးသားဖြစ်ကာ တူရကီလူမျိုးများ၏ ဖမ်းဆီးမှုကို ခံရရှာလေသည်။ ။

Cowardice makes men into fool.

မျောက်လွှဲကျော်

တစ်ခါက တရုတ်ပြည်တောင်ပိုင်းတွင် ရိုင်းစိုင်းသောမျောက်လွှဲကျော်များ နေထိုင်ကြလေသည်။ သူတို့သည်အုပ်စုဖွဲ့၍ သွားလာလေ့ရှိကြသည်။ လူများသည် မျောက်လွှဲကျော်များ အရက်ကြိုက်တတ်သည်ကိုသိ၍ မြက်ဖိနပ်များကို ကြိုးနှင့်သီကာ ဝိုင်အရက်နှင့် လှော်စာများကို လမ်းဘေးတွင်ချထားပြီး မျောက်လွှဲကျော်များကို ထောင်ဖမ်းလေသည်။ မျောက်လွှဲကျော်များသည် လူတို့က သူတို့ကိုထောင်ဖမ်းမှန်းသိသောအခါ ဆူညံစွာ အော်ဟစ်၍ အမြီးကိုလှုပ်ယမ်းကာ ထွက်ခွာ သွားကြသည်။ သို့သော် သူတို့သည် အရက်နံ့ကို ရရှိသွားသည်။ လူများကို မတွေ့သောအခါ အားလုံး ပြန်လှည့်လာကြသည်။ သို့သော် မျောက်လွှဲကျော်များသည် ထောင်ချောက်မှန်းသိ၍ ပြန်၍လှည့်ထွက်သွားကြ ပြန်သည်။ နောက်ဆုံး မျောက်လွှဲကျော်များသည် မြည်းစမ်းသည့်

သဘောဖြင့် အရက်များကို ယူသောက်မိကြသည်။ သို့သော် အရက် ရှိန်တက်လာ၍ မူးလာကြပြီး မြက်ဖိနပ်များကို စီးမိကြကာ ထောင် ချောက်အတွင်း သက်ဆင်းကြရလေသည်။ မကြာမီ လူတို့ ရောက် ရှိလာကြပြီး မျောက်လွှဲကျော်များကို ဖမ်းဆီးကြလေသည်။ ။

Baboons.

ချောင်ချင်တောင်ပေါ်က ဝံပုလွေ

တစ်ခါက 'တန်ခိုး' အမည်ရှိ ပညာရှိတစ်ဦးရှိသည်။ သူသည် သနားကြင်နာတတ်သည်။ တစ်နေ့တွင် သူသည် မြည်းတစ်ကောင်ကိုစီး၍ ချောင်ချန်မြို့သို့ ထွက်ခွာလာသည်။

သူသည် လမ်းခရီးတွင် မုဆိုးအုပ်စု တစ်စုကို တွေ့ရသည်။ မကြာမီအချိန် အနည်းငယ်အတွင်းမှာပင် ဝံပုလွေတစ်ကောင်သည် အလွန်ကြောက်လန့်တုန်လှုပ်စွာဖြင့် သူတို့ထံသို့ ပြေးလာလေသည်။ ထို့နောက် ဝံပုလွေက "အို- ကြင်နာတတ်တဲ့ အသည်းနှလုံးပိုင်ရှင်ကြီးရယ်၊ ကျွန်ုပ်နောက်ကို မုဆိုးတွေ လိုက်လာပါတယ်။ ဒါကြောင့် ကျွန်ုပ်ကို သင့်ရဲ့အိမ်ထဲမှာ ခဏလောက် ပုန်းခွင့်ပြုပါ။ ကျွန်ုပ် သင့်ကျေးဇူးကို မမေ့ပါဘူး။ သင့်ရဲ့ကြင်နာသနားမှုကို အစဉ်အမြဲ သတိရနေမှာပါ"ဟု တောင်းပန်ပြောဆိုသည်။

ပညာရှိကြီးလည်း စာအုပ်များထည့်ထားသော အိတ်ကြီးကို ဖွင့်ကာ စာအုပ်များကိုထုတ်၍ ဝံပုလွေကို အိတ်ကြီးထဲထည့်လိုက်လေသည်။ ထို့နောက် ဝံပုလွေကြီးကို မမြင်စေရန် ဘေးပတ်လည်တွင် စာအုပ်များဖြင့် ဖုံးကွယ်ကာရံ ထားလိုက်သည်။

မကြာမီ မုဆိုးများ ရောက်ရှိလာသည်။ မုဆိုးများသည် ပညာရှိကြီးအား "ဝံပုလွေတစ်ကောင် ဖြတ်သွားတာ မတွေ့လိုက်ဘူးလား"ဟု မေးသည် ပညာရှိကြီးက "မတွေ့လိုက်မိပါဘူး၊ ဒီနေရာက လမ်းခွဲတွေများတော့ ရှာရခက်လိမ့်မယ်"ဟု ဆိုသည်။ ထိုသို့ဖြင့် မုဆိုးများသည် အဝေးသို့ ထွက်ခွာသွားကြသည်။

ထိုအခါ ဝံပုလွေကြီးက ပညာရှိကြီးအား သူ့အားအိတ်ထဲမှ ထုတ်ရန် ပြောကြားသည်။ ပညာရှိကြီးကလည်း ဝံပုလွေကို အိတ်ထဲမှ ထုတ်လိုက်သည်။ ဝံပုလွေကြီးသည် အပြင်သို့ရောက်သော် အစွယ်များလှစ်ဟကာ "ကျွန်ုပ် စဉ်းလဲတဲ့ မုဆိုးလက်က လွတ်မြောက်ပြီး အသက်ကယ်ခဲ့တဲ့အတွက် အသင့်ကိုများစွာ ကျေးဇူးတင်ပါတယ်။ ဒါပေမဲ့ အခု ကျွန်ုပ်ဟာ ဘာမှမစားရသေးတဲ့အတွက် ဆာလောင်မွတ်သိပ်ပြီး သေရပါတော့မယ်။ ဒါကြောင့် ကျွန်ုပ်အသက်ကို ကယ်ဆယ်တဲ့အနေနဲ့ သင့်ကို စားခွင့်ပြုပါ"ဟု အားမနာ ပါးမနာ ကျေးဇူးကန်း၍ ပြောဆိုလေသည်။

ထိုအခါ ပညာရှိကြီးက "ဟဲ့-ဝံပုလွေ၊ ကျေးဇူးကန်းလှချေလား။ သင့်အသက်ကိုလည်း ကယ်ရသေးတယ်၊ ကျွန်ုပ်ကို စားမလို့လား"ဟု ပြန်ပြောသည်။

ပညာရှိကြီး၏စကားကို ဝံပုလွေက ဂရုမစိုက်ပေ။ ဝံပုလွေသည် ပညာရှိကြီးကိုယ်ပေါ်သို့ အတင်းခုန်အုပ်လိုက်လေသည်။

ပညာရှိသည် ဝံပုလွေကြီးအား ခွန်အားရှိသမျှ ခုခံကာကွယ်သည်။
ထိုအချိန်တွင် ဆံဖြူအဘိုးအို တစ်ယောက်သည် လမ်းလျှောက်လာနေသည်။ ထိုအခါ ပညာရှိကြီးသည် အဘိုးအိုထံ ပြေးသွားကာ သူ့ကိုကယ်ဆယ်ရန် ပြောဆိုသည်။
အဘိုးအိုက "ဘာကြောင့် သင့်ကို ကယ်ဆယ်ရမှာလဲ၊ ပြောစမ်းပါဦး"ဟု မေးသည်။
ပညာရှိက "ဒီဝံပုလွေဟာ သူ့နောက်က မုဆိုးတွေလိုက်လာတာကြောင့် သူ့ကိုကယ်ဆယ်ဖို့ ကျွန်တော့်ကို ပြောဆိုအကူအညီတောင်းပါတယ်။ ကျွန်တော်လည်း သူ့အသက်ကို ကယ်ဆယ်ခဲ့ပါတယ်။ ဒါပေမဲ့ အခု သူက ကျွန်တော့်ကို ကျေးဇူးကန်းပြီး စားမလို့လုပ်နေပါတယ်"ဟု ပြောဆို တိုင်တန်းလေသည်။
ထိုအခါ ဝံပုလွေက "အဘိုးခင်ဗျား၊ ဒီပုဂ္ဂိုလ် ပြောတာ မမှန်ပါဘူး။ သူဟာ ကျွန်ုပ်ခြေထောက်ကို ဖမ်းချုပ် အိတ်ထဲထည့်ပြီး စာအုပ်တွေနဲ့ ဖိသတ်ဖို့ကြိုးစားပါတယ်။ ကျွန်ုပ် ရုန်းကန်ပေမဲ့မရပါ။ အသက်ရှူလို့လည်းမရတော့ပါ။ အဲဒီနောက် ဒီလူဟာ မုဆိုးတွေနဲ့စကားစမြည်အကြာကြီး ပြောနေလိုက်တာ ကျွန်ုပ်ဟာ အိတ်ထဲမှာ မွန်းကြပ်နေပါတော့တယ်။ ဒါကြောင့် သူ့ကို ဘာလို့မစားဘဲ နေရမှာလဲ။ ကျွန်ုပ်ဟာ သူ့ကို စားထိုက်တာပေါ့"ဟု ပြောဆိုသည်။
အဘိုးအိုက "မင်းတို့နှစ်ယောက်အနက် ဘယ်သူ့စကားကို ငါယုံရမှာလဲ၊ ဘယ်လိုဆုံးဖြတ်ပေးရမှာလဲ။ ကဲ–ဒါဖြင့် ဒီလိုလုပ်၊ ခုနက မင်းတို့ ဖြစ်ပုံကို လုပ်ပြ။ ဒါမှ အမှားအမှန်ကို ငါဆုံးဖြတ်ပေးနိုင်မယ်"ဟု ဆိုသည်။

ထိုသို့ဖြင့် ဝံပုလွေသည် ပညာရှိကြီး၏ အိတ်ထဲသို့ ဝင်ပြသည်။ ပညာရှိကလည်း အိတ်ဝကို ချည်ထားလိုက်သည်။ အဘိုးအိုက ပညာရှိကြီးအား "မင်းမှာဓားမြှောင်ရှိတယ် မဟုတ်လား"ဟု တိုးတိုးမေးသည်။ ပညာရှိက ဓားမြှောင်ကို ထုတ်ပြသည်။ အဘိုးအိုက ဝံပုလွေအား ဓားမြှောင်ဖြင့် ထိုးသတ်ရန် အချက်ပြသည်။

ပညာရှိက "ကျွန်တော်မသတ်ပါရစေနဲ့"ဟု ပြောဆိုသည်။ ထိုအခါ အဘိုးအိုက "ဒီလောက်ကျေးဇူးကန်းတဲ့ တိရစ္ဆာန်ကို မင်းမို့ သနားနေရသလား၊ မင်းဟာ အမှန်တော့ သနားကြင်နာတတ်တဲ့သူဖြစ်သလို အလွန်ပဲ မိုက်မဲတဲ့သူဖြစ်တယ်"ဟု ဆိုကာ ဝံပုလွေကိုဓားဖြင့်ထိုးသတ်ပြီး လမ်းဘေးသို့ ပစ်ချလိုက်လေသည်။ ။

The wolf of the chungon mountain.

ကျောင်းအုပ်ကြီး၏စေတနာ

တစ်ခါက အလွန်စည်းကမ်းကြီးသော ကျောင်းအုပ်ကြီး တစ်ယောက် ရှိသည်။ တစ်နေ့တွင် ကျောင်းသားတစ်ယောက်သည် ကျောင်းစည်းကမ်းကို ဖောက်ဖျက် ကျူးလွန်မိလေသည်။ ကျောင်းအုပ်ကြီးသည် အပြစ်ကျူးလွန်သူ ကျောင်းသားအား အပြစ်ပေးရန် ဆင့်ခေါ်လိုက်သည်။ ထို့နောက် ကျောင်းခန်းမတွင် ဒေါသတကြီးဖြင့် ထိုင်စောင့်နေသည်။ ကျောင်းသားသည် သူ့ ဆရာအကြောင်းကို ကောင်းကောင်း သိသည်။ သူ တောင်းပန်၍လည်း ရမည် မဟုတ်ဟု သိနားလည်ထားသည်။ ထို့ကြောင့် ဆရာကြီးအား တစ်နည်းနည်းဖြင့် လှည့်ဖြားရန် အကြံထုတ်သည်။

ကျောင်းသားသည် ဆရာကြီး ရှေ့မှောက်သို့ ရောက်သော် တရိုတသေ ဒူးတုပ်၍ "ဆရာကြီးခင်ဗျား၊ ဆရာကြီးရှေ့မှောက်မှာ ကျွန်တော်အပြစ်ကို ကျွန်တော် ဝန်ခံဖို့ စောစော လာမလို့ပါပဲ။ ဒါပေမယ့် ငွေအသပြာ တစ်ထောင်ရလာလို့ သုံးစွဲဖို့ စီမံနေရတာနဲ့ အရောက်နောက်ကျသွားရခြင်း ဖြစ်ပါတယ်"ဟု ပြောလေသည်။

ကျောင်းအုပ်ကြီးသည် 'ငွေအသပြာတစ်ထောင်'ဟု ကြားသော် မောင်းတင်ထားသော ဒေါသများ တစ်မုဟုတ်ချင်း ပြေလျော့ သွားပြီး "မင်း ဒီအသပြာတစ်ထောင်ကို ဘယ်ကရတာလဲ"ဟု မေးမြန်းလေသည်။

ကျောင်းသားက "ကျွန်တော် မြေအောက်က တူးယူလို့ရတာပါ"ဟု ဖြေသည်။

ထိုအခါ ဆရာကြီးက "မင်း ဒီငွေအသပြာကို ဘယ်လိုသုံးမယ်လို့ ကြံရွယ်ထားသလဲ"ဟု မေးသည်။

ကျောင်းသားက "ကျွန်တော်ဟာ အလွန် ဆင်းရဲတဲ့ သူပါ။ ကျွန်တော်ဟာ ဒီငွေအသပြာတစ်ထောင်ကို ဘယ်လိုသုံးစွဲရမယ်ဆိုတာ ကျွန်တော့် မိန်းမနဲ့ တိုင်ပင်ထားတာ ရှိပါတယ်။ ငွေအသပြာတစ်ထောင်အနက် ငါးရာကို လယ်မြေတွေ ဝယ်ပါမယ်၊ နှစ်ရာကတော့ အိမ်ဝယ်ဖို့ပါ။ တစ်ရာကတော့ အိမ်ထောင်ပရိဘောဂပစ္စည်းတွေဝယ်ဖို့နဲ့ နောက်တစ်ရာကတော့ ခိုင်းဖို့ပြုဖို့ အစေခံတွေ ဝယ်ယူဖို့ပါ။ နောက်ဆုံးတစ်ရာအနက် တစ်ဝက်ကို စာအုပ်တွေဝယ်ယူပြီး စာကြိုးစားပါ့မယ်။ ကျန်တစ်ဝက်ကိုတော့ ဆရာကြီးက ကျွန်တော့်ကို ပညာသင်ကြားပေးတဲ့အတွက် ဘဘကြီးကို ကန်တော့ဖို့ပါ"ဟု ပြောဆိုလေသည်။

ကျောင်းအုပ်ကြီးက "မင်းတို့ကို ပညာတွေ ပေးနေရတာကိုပဲ ကျေနပ်လှပါပြီ။ လက်ဆောင်ပစ္စည်းတွေ မလိုပါဘူးကွာ၊ နေပါစေ"ဟု ပြန်ပြောသည်။

ထို့နောက် ဆရာကြီးသည် သူ့တပည့်အား စားကောင်းသောက်ဖွယ်များနှင့် တည်ခင်းကျွေးမွေးရန် သူ့ဇနီးအား ချက်ခိုင်း

လေသည်။ ဆရာတပည့်နှစ်ယောက်သည် ရယ်ကာမောကာ စကားစမြည် ပြောကြားရင်း စားကြသောက်ကြသည်။ တစ်ဦးနှင့် တစ်ဦး ကျန်းမာရေးနှင့်ပတ်သက်၍ ချီးမွမ်းစကား ပြောကြားကြ သည်။ ရီဝေလာကြသည်။ ဆရာကြီးသည် ရုတ်တရက် အသပြာ ငါးဆယ်ကို သတိရသွားသည်။ ထို့ကြောင့် သူ့တပည့်အား "မင်း ဒီကို မလာခင်တုန်းက အသပြာတွေ ထည့်ထားတဲ့ ဗီရိုကို သော့ သေသေချာချာ ခတ်ခဲ့ရဲ့လား"ဟု မေးသည်။

တပည့်သည် ထိုင်ရာမှထ၍ "ဆရာကြီးရယ်၊ ကျွန်တော် ငွေ တွေကို သုံးစွဲဖို့ စီမံခန့်ခွဲပြီးရုံ ရှိသေးတယ်၊ ကျွန်တော့် မိန်းမက ကျွန်တော့်ကို လှုပ်နှိုးလိုက်တာနဲ့ ကျွန်တော်လည်း နိုးလာခဲ့ပါ တယ်။ ငွေတွေလည်း ဘယ်ရောက်သွားမှန်းမသိတော့ပါဘူး"ဟု ပြောလေသည်။

ထိုအခါ ကျောင်းအုပ်ကြီးက ကပျာကယာဖြင့် "မင်း ဒါဖြင့် အိပ်မက်ကို ပြောနေတာပေါ့၊ ဟုတ်လား"ဟု မေးသည်။

တပည့်က ဟုတ်မှန်ကြောင်း ပြန်ပြောသည်။ ကျောင်းအုပ်ကြီး သည် သူ့မျှော်လင့်ချက် ကွယ်ပျောက်သွားပြီ ဖြစ်၍ စိတ်ပျက်သွား သည်။ ဒေါသလည်း ထွက်သွားသည်။ သို့သော် သူ့တပည့်ကို အပြောရခက်နေလေသည်။ သူသည် ဒေါသကို ချုပ်တည်းပြီး "တော်ပါပေတယ်ကွာ၊ အိပ်မက် မက်တာတောင် ငါကိုထည့်မက် တယ်။ မင်းသာ အသပြာငွေတွေ အမှန်တကယ်ရခဲ့ရင် ငါ့ကို မမေ့ ဘူးဆိုတာ ငါသိပါပြီ"ဟု ပြောဆိုလိုက်သည်။ ။

The dream.

ကပ်စေးနဲသူ

တစ်ခါက အလွန်ချမ်းသာသော အဘိုးအိုတစ်ယောက် ရှိသည်။ သူသည် ငွေတိုးပေးစား၍ ချမ်းသာကြွယ်ဝလာသူ ဖြစ်သည်။ ငွေတိုးလည်းအလွန်ကြီးသည်။ သူသည် ချမ်းသာကြွယ်ဝသော်လည်း အလွန်ကပ်စေးနဲသူ ဖြစ်သည်။ သူသည် အိုမင်း မစွမ်းရှိလာ၍ လမ်းပင် ကောင်းစွာ မလျှောက်နိုင်ပေ။ ထို့ကြောင့် အဘိုးအိုသည် မြည်းတစ်ကောင်ကို ဝယ်ယူလိုက်သည်။ သို့သော် အဘိုးအိုသည် မြည်းကို အလွန်နှစ်သက်သည်။ သူသည် အလွန်မောပန်းမှသာ မြည်းကို စီးလေ့ရှိသည်။

တစ်နေ့ ရာသီဥတုပူအိုက်ချိန်တွင် အဘိုးအိုသည် မြင်းဖြင့်ခရီးဝေးနှင် လျက်ရှိသည်။ သူသည် ခရီးအတန်ငယ်သွားမိသောအခါ မောပန်း လာ၍ မြင်းပေါ်တက်၍ စီးလေသည်။ သုံးလီ (တရုတ်မိုင်)ခန့် သွားမိသော် မြင်းသည် မောလာလေသည်။

ထိုအခါ အဘိုးအိုသည် မြင်းပေါ်မှဆင်း၍ မြင်းကုန်းနှီးကို ဖြုတ်လိုက်ပြီး မြင်းကို အနားပေးလေသည်။ မြင်းသည် သူ့ကို အိမ်ပြန်လွှတ်သည်ထင်ကာ အဘိုးအို၏အော်သံကိုပင် ဂရုမထားဘဲ ကဆုန်စိုင်း၍ အိမ်သို့ အပြေးနှင်လေသည်။ အဘိုးအိုသည် မြင်းပျောက်ဆုံးသွားမည်ကို စိုးရိမ်သည့်နည်းတူ မြင်းကုန်းနှီးထားခဲ့ရမည်ကိုလည်း စိုးရိမ် သည်။ ထို့ကြောင့် အဘိုးအိုသည် မြင်းကုန်းနှီးကိုထမ်းကာ အိမ် သို့ အသော့နှင်လေသည်။

အဘိုးအိုသည် အိမ်ရောက်သော် အိမ်သို့ မြင်း ပြန်လည်ရောက်ရှိနေသည်ကို တွေ့ရလေသည်။ သူ့သားက မြင်းပြန်လည်ရောက်ရှိလာပုံကို ပြောပြသည်။ အဘိုးအိုက သူ့မြင်းကို ချီးမွမ်းသည်။ သို့သော် အဘိုးအိုသည် နေပူထဲတွင် လမ်းလျှောက်လာရ၍ အပူမိကာ ဖျားနာလေသည်။ ခုတင်ပေါ်တွင် တစ်လခန့် လှဲနေရလေသည်။ ။

All for the love of a donkey.

မျက်စိမှုန်သူ

တစ်ခါက မျက်စိမှုန်သူ နှစ်ယောက် ရှိသည်။ သူတို့သည် မျက်စိမှုန်သော်လည်း မျက်စိမှုန်ကြောင်း ဝန်မခံကြရုံသာမက မျက်စိအားကောင်းသည်ဟုပင် ကြွားဝါလေ့ရှိကြသည်။

တစ်နေ့တွင် သူတို့သည် ဘုရားရှိခိုးကျောင်း၌ ဩဘာစာ တစ်ခု ချိတ်ဆွဲမည်ဟူသော သတင်းတစ်ခုကို ကြားကြသည်။ သူတို့သည် ဩဘာစာတွင် မည်သည့်စာများ ရေးသားထားသည် ဆိုသည်ကို ကြည့်ချင်ကြသည်။

သူတို့သည် နေ့ခင်းဘက်တွင် ဘုရားကျောင်းသို့ လာကြသည်။ ဘုရားကျောင်းသို့ ရောက်သော် တစ်ဦးက အပေါ်သို့ မော့ကြည့်၍ . . .

'တောက်ပမှုနဲ့ ဖြောင့်မတ်မှန်ကန်မှုကို ရေးထားတာ မဟုတ်လား"ဟု ဆိုသည်။

ထိုအခါ နောက်တစ်ဦးက . . .

"မင်း . . . ဒါကျတော့ မမြင်ဘူး မဟုတ်လား၊ ဟိုမှာ . . . တွေ့လား၊ ဩဘာစာရေးတဲ့သူ၊ ရေးထိုးတဲ့နေ့စွဲ"ဟု ပြောဆိုလိုက်သည်။

ထိုအချိန်တွင် အနားက ဖြတ်သွားသူက သူတို့နှစ်ဦးကို ကြည့်ကာ . . .

"ဩဘာစာတန်းကြီးကိုတောင် မတင်ရသေးဘူး၊ ခင်ဗျားတို့က ဘာတွေ မြင်နေကြတာလဲ"ဟု ရယ်မောကာ ပြောဆိုလိုက်လေသည်။ ။

Short-sightedness.

ဘုရားဖူးသွားခြင်း

တစ်ခါက တရုတ်ပြည် 'အိုမီ' တောင်ပေါ်တွင် ကျောင်းသခ်မ်း များစွာရှိရာ ကြီးမားသော ကျောင်းသခ်မ်းရှိ ဘုန်းကြီးများသည် ချမ်းသာကြပြီး ငယ်သော ကျောင်းသခ်မ်းတွင် သီတင်းသုံးသည့် ဘုန်းကြီးများသည် ဆင်းရဲကြလေသည်။

တစ်နေ့တွင် ကျောင်းသခ်မ်းငယ်ကလေးရှိ ဆင်းရဲသော ဘုန်းကြီးတစ်ပါးသည် ကျောင်းသခ်မ်းကြီးတွင် သီတင်းသုံးသည့် ချမ်းသာသော ဘုန်းကြီးထံသို့ လာရောက်၍ အရှေ့ပင်လယ်ကျွန်းရှိ ပူတိုတောင်သို့ ဘုရားဖူးသွားရန် ခွင့်တောင်းသည်။ သွားရမည့် ခရီးမှာ လီပေါင်း(တရုတ်မိုင်) သုံးထောင်ကျော် ကွာဝေးသည်။ မြင့်မားသော တောင်များ၊ နက်ရှိုင်းသော မြစ်ချောင်းများကိုလည်း ကျော်ဖြတ်ရမည် ဖြစ်သည်။

ချမ်းသာသော ဘုန်းကြီးက . . .

"အသင် ခရီးထွက်ရင် ဘာတွေ ယူဆောင်သွားမလဲ"ဟု မေးသည်။

ထိုအခါက ဆင်းရဲသူ ဘုန်းကြီးက . . .

"တပည့်တော် ကိုင်းခွက်ကြီး တစ်ခု၊ ဖလားခွက်တစ်ခုကို ယူဆောင်သွားပါ့မယ်။ ကိုင်းခွက်ကြီးက ရေခပ်ဖို့ ဖြစ်ပြီး ဖလားခွက်က ဆွမ်းခံဖို့ ဖြစ်တယ်"ဟု ပြောဆိုသည်။

ချမ်းသာသူ ဘုန်းကြီးက . . .

"အရှင်လည်း ပူတိုကို ဘုရားဖူးသွားဖို့ ကြံစည်ထားတယ်၊ နှစ်အတော်ကြာကတည်းက ပြင်ဆင်ခဲ့ပါတယ်။ ဒါပေမဲ့ တစ်ခု မဟုတ် တစ်ခု လိုအပ်နေတာတွေ ရှိနေလို့ အကြောင်းမညီညွတ်တာနဲ့ မသွားဖြစ်သေးဘူး။ ကိုယ်တော် သွားမယ်ဆိုတော့ လွယ်ပါ့မလားလို့ စိုးရိမ်မိတယ်"ဟု ပြောဆိုသည်။

ထိုသို့ဖြင့် တစ်နှစ်ကြာသော် ဆင်းရဲသူ ဘုန်းကြီးသည် ဘုရားဖူးရာမှ ပြန်လာခဲ့လေသည်။ ထိုဘုန်းကြီးသည် ချမ်းသာသော ဘုန်းကြီးအား ဘုရားဖူး အတွေ့အကြုံကို ပြောပြသည်။ ထိုအခါ ချမ်းသာသော ဘုန်းကြီးသည် အနည်းငယ် ရှက်သွားကာ သူသည် ယခုအချိန်အထိ ဘုရားဖူးသွားရန် ဘာမှ မပြင်ဆင်ရသေးကြောင်း ပြောဆိုလိုက်လေသည်။ ။

Pilgrimage to the south.

ခါးကုန်းရောဂါကို ကုသသူ

တစ်ခါက ခါးကုန်းရောဂါကုသသူ လူတစ်ယောက်ရှိသည်။ သူသည် သူ၏ကြော်ငြာသင်ပုန်းတွင် "သင်၏ခါးသည် လေးကိုင်းသဏ္ဌာန်၊ ပုစွန်ဆိတ်သဏ္ဌာန်၊ လက်စွပ်သဏ္ဌာန် ကိုင်းညွတ်နေပါစေ။ ကျွန်ုပ်ထံသို့ အမြန်ပြေးလာပါ။ ကျွန်ုပ် ချက်ချင်း သင့် ခါးကိုင်းကို ဖြောင့်ပေးပါ့မယ်"ဟု ရေးသားထားလေသည်။

ခါးကုန်းသူတစ်ယောက်သည် ခါးရောဂါကို အမှန်တကယ် ပျောက် ကင်းအောင် ကုသနိုင်သူဟု ထင်မှတ်၍ ထိုသူထံသို့ လာပြီး သူ့ရောဂါကို ကုသခိုင်းလေသည်။

ခါးရောဂါကုသူသည် ခါးကုန်းသူအား ဆေးမတိုက်ဘဲ ပျဉ်ပြား ၂ ချပ်ကို ထုတ်လိုက်သည်။ တစ်ချပ်ကို မြေကြီးပေါ်ခင်း လိုက်ပြီး ခါးကုန်းသူကို တက်၍ မှောက်ခိုင်းသည်။ ကျန်ပျဉ်ပြား တစ်ချပ်ကို ထိုသူ၏ကျောပေါ်တင်ပြီး ကြိုးနှင့်ချည်သည်။ ထို့နောက်

ခါးရောဂါကုသသူသည် လူနာကျောပေါ်ရှိ ပျဉ်ပြားပေါ်တွင် တက်၍ အားဖြင့် ဖိလေသည်။ ထိုအခါ လူနာ၏ကုန်းနေသောခါးသည် ဆန့်သွားလေသည်။ သို့သော် အသက်ကား မရှိတော့ချေ။

ခါးကုန်းသူ၏ သားက ခါးရောဂါကို ကုသသူအား တရားစွဲမည် ပြုသောအခါ ခါးကုန်းရောဂါကုသသူက "ငါက ခါးကို ဆန့်အောင်သာကုတာ၊ အသက်ရှင်တာ မရှင်တာ ငါနဲ့မဆိုင်ဘူး" ဟု ပြောဆိုလိုက်လေသည်။ ။

Treating hunchbacks.

စိတ်ရှည်သည်းခံမှု

လူတစ်ယောက်သည် ရာထူးလက်ခံရန် သွားမည် အပြုတွင် ရင်းနှီးသော မိတ်ဆွေတစ်ယောက်က သူ့အား လာရောက် နှုတ်ဆက်ကာ "မိတ်ဆွေ၊ သင်ဟာ အရာရှိဖြစ်လာရင် တစ်ခုသတိထားဖို့က အမြဲတမ်းသည်းခံဖို့ပဲ"ဟု မှာကြားလေသည်။

ရာထူးလက်ခံရန် သွားမည့်သူကလည်း "သည်းခံဖို့အဆင်သင့်ပါပဲ"ဟု ဖြေကြားသည်။ သူ့မိတ်ဆွေသည် အထက်ပါအတိုင်း သည်းခံဖို့ သုံးကြိမ်တိုင်တိုင် ထပ်မံသတိပေးသည်။ ရာထူးလက်ခံမည့်သူကလည်း သူ သည်းခံမည် ဖြစ်ကြောင်း ထပ်မံ ကတိပေးသည်။ သူ့မိတ်ဆွေသည် လေးကြိမ်မြောက် သည်းခံရန် ထပ်မံမှာကြားသောအခါ ရာထူးလက်ခံမည့် သူသည် စိတ်မရှည်နိုင်တော့ဘဲ "ကျုပ်က လူနုံ လူအ မို့လို့ ခင်ဗျားက သည်းခံဖို့အကြောင်းကိုချည်း ထပ်ခါတလဲလဲ မှာကြားနေရတာလဲ"ဟု ဒေါသတကြီး

ပြောဆိုလေသည်။

ထိုအခါ မိတ်ဆွေဖြစ်သူက "ကဲ . . . သိပြီမဟုတ်လား၊ စိတ်ရှည်သည်းခံဖို့ မလွယ်ဘူးဆိုတာ။ ကျုပ်က ခင်ဗျားကို မေ့မှာစိုးလို့ သုံးလေးကြိမ်ပဲ သတိပေးသေးတယ်၊ ခင်ဗျားက စိတ်မရှည်သည်းမခံတော့ဘူး မဟုတ်လား"ဟု ပြန်ပြောလိုက်လေသည်။ ။

Patience.

လောဘကြီးသူ

တစ်ခါက ဟိုဖူတောင်ခြေတွင် 'ဝမ်ပို'အမည်ရှိ အဘွားအို တစ်ဦး ရှိလေသည်။ အဘွားအိုသည် ကိုယ်တိုင် အရက်ချက်၍ အရက်ဆိုင်တစ်ဆိုင်ဖွင့်လှစ်ထားလေသည်။ တာအိုဝါဒ ကိုးကွယ်သူ ရသေ့ကြီးတစ်ပါးသည် အဘွားအို၏အရက်ဆိုင်သို့ လာရောက်၍ ပိုက်ဆံမပေးဘဲ အရက်များကို အမြဲ မှာယူသောက်လေ့ရှိသည်။ အဘွားအို ဝမ်ပိုကလည်း ငြူစူလေ့မရှိပေ။

တစ်နေ့တွင် ရသေ့ကြီးက အဘွားအိုအား "ငါ အရက်တွေ သောက်တိုင်း ပိုက်ဆံမပေးဘဲ သောက်ခဲ့တယ်၊ အဲဒီအတွက် သင့်ကို ရေတွင်းတစ်တွင်းတူးပေးမယ်"ဟု ပြောဆိုကာ ရသေ့ကြီး သည် အဘွားအိုအတွက် ရေတွင်းတစ်တွင်း တူးပေးလေသည်။ ထိုတွင်းမှ ရေသည် အရက်ထက် အနံ့အရသာ ကောင်းသည်။ ပြင်းလည်း ပြင်းသည်။

"ဒါဟာ ကျွန်ုပ်သောက်ခဲ့တဲ့ အရက်အတွက် အရက်ခ ဖြစ်တယ်"ဟု ရသေ့ကြီးက ပြောဆိုကာ ထွက်ခွာသွားလေသည်။

အဘွားအိုသည် အရက်ချက်ရန် မလိုတော့ဘဲ ရေတွင်းထဲမှ ရေကိုပင် အရက်အဖြစ် ခပ်ရောင်းလေသည်။ အရက်သောက်သုံးသူများလည်း ရေတွင်းထဲမှခပ်ယူရောင်းချသောအရက်ကို ပို၍ ကြိုက်နှစ်သက်ကြသည်။ ထို့ကြောင့် အဘွားအို၏ အရက်ဆိုင်သည် အလွန်ရောင်းကောင်းလှသည်။ လူများဖြင့် အစဉ်အမြဲ စည်ကားနေလေသည်။ သုံးနှစ်မျှကြာသော် အဘွားအိုသည် ငွေများစုမိကာ ချမ်းသာကြွယ်ဝလာလေသည်။

တစ်နေ့တွင် ရသေ့ကြီးသည် အဘွားအိုထံသို့ ရောက်ရှိလာသည်။ အဘွားအိုကလည်း ရသေ့ကြီးကို ကျေးဇူးတင်ကြောင်း ပြောဆိုသည်။

ရသေ့ကြီးက အဘွားအိုအား "ဝိုင်အရက် ရောင်းကောင်းရဲ့လား"ဟု မေးသည်။ အဘွားအိုက "ကောင်းတော့ ကောင်းပါတယ်၊ ဒါပေမဲ့ ဝက်ကျွေးဖို့အစာ လိုနေပါတယ်"ဟု ပြန်ဖြေသည်။

ရသေ့ကြီးလည်း ရယ်မောကာ နံရံပေါ်တွင် အောက်ပါအတိုင်း ရေးသားလိုက်လေသည်။

မိုးကောင်းကင်သည် မြင့်မားလှသည်။
လူ့လောဘသည် မိုးကောင်းကင်ထက် ပို၍မြင့်မားသည်။
တွင်းမှရေကို အရက်အဖြစ် ရောင်းသည်။
သို့သော် ဝက်စာကျွေးရန်မရှိဟု ဆိုသည်။

ရသေ့ကြီးသည် ထိုသို့ ရေးသွားပြီးနောက် အဝေးသို့ထွက်ခွာသွားလေသည်။ ထိုအခါ ရေတွင်းကြီးတွင်လည်း ဝိုင်အရက်များ ပျောက်ကာ ပကတိရေတွင်းအဖြစ်သို့ ပြောင်းလဲရောက်ရှိသွားလေသည်။ ။

No dregs for the swine.

ကျွဲပါးစောင်းတီး

စောင်းဆရာကြီး ကွန်မင်ရီသည် စောင်းပညာတွင် ကျွမ်းကျင် လိမ္မာလှသည်။ တစ်နေ့တွင် စောင်းဆရာကြီးသည် စောင်းတီး ခတ်လျက်ရှိသည်။ အနားတွင် လူတစ်ယောက်မျှ မရှိ။ ကျွဲ တစ်ကောင်သာ မြက်ခင်းပေါ်တွင် မြက်စားလျက်ရှိ၏။

စောင်းဆရာကြီးက "ဒီကျွဲကို စောင်းတီးပြရရင် ကောင်းမှာ ဘဲ"ဟု တွေးမိကာ ကျွဲကြီးအား သီချင်း ၄-ပုဒ်ခန့် တီးခတ်ပြ၏။ သို့သော် ကျွဲက အနည်းငယ်မျှမလှုပ်။ အရေးမလုပ်။ မြက်ကို စားမြဲစားလျက် ရှိသည်။

"ဒီသီချင်းတွေကို ဒီကျွဲ နားလည်မှာ မဟုတ်ပါဘူးလေ" စောင်းဆရာကြီးသည် ရိပ်မိသွားသည်။ ထို့ကြောင့် သူသည် သီချင်းကိုရပ်ကာ ခြင်အော်သံနှင့် ကျွဲပေါက်ကလေးအော်သံတို့ ကို တီးခတ်သည်။ ထိုအခါ ကျွဲသည် မြက်ကိုမစားတော့ပေ။ ကျွဲ

သည် နားရွက်ထောင်လာသည်။ အမြီးလှုပ်လာသည်။ ထို့နောက် အသံကို နားစွင့်ထောင်လေတော့သည်။ ။

Playing the harp to an ox.

ပညာရှိသူ အနိုင်ယူ

တစ်ခါက ရွာလေးတစ်ရွာတွင် အလွန်အပျင်းထူသောလူငယ်ကလေးတစ်ယောက်ရှိလေသည်။ တစ်နေ့တွင် သူသည် ဝက်ပုကလေးကို လက်မှဆွဲလာကာ လူအများအား . . .

"ဟောဟိုထောင်ထားတဲ့ လှေကားပေါ် ကျွန်ုပ်ကိုရောက်အောင် တက်ခိုင်းနိုင်သူကို ဟောဒီဝက်ကလေး ပေးမယ်"ဟု စိန်ခေါ်လိုက်လေသည်။ လှေကားသည် အုတ်နံရံထုကြီးပေါ်တွင် ထောင်ထားသည်။

ထိုအခါ လူအုပ်ထဲမှ လူတစ်ယောက်က "ကျွန်ုပ်–သင့်ကို လှေကားပေါ် ရောက်အောင် မပြုလုပ်နိုင်ပေမဲ့ လှေကားပေါ်ကနေ အောက်သို့ရောက်အောင်တော့ ပြုလုပ်နိုင်ပါတယ်"ဟု ပြောဆိုလေသည်။

ထိုလူ၏ စကားကိုကြားသော် လူငယ်ကလေးက ရယ်ကာ

"သင်–ကျွန်ုပ်ကို လှေကားအောက်သို့ ရောက်အောင် မပြုလုပ်နိုင်ရင် သင့်လည်ပင်းက ရွှေဆွဲကြိုးလေးကို ကျွန်ုပ်အား ပေးရမယ်။ သဘောတူရဲ့လား"ဟု ဆိုသည်။ လှူအုပ်ထဲမှ လူကလည်း သဘောတူပါသည်ဟု ပြန်ဖြေသည်။

ထိုသို့ဖြင့် လူပျင်းကလေးသည် ဝက်ကို အောက်တွင်ထားခဲ့ကာ လှေကားပေါ်သို့ ပြေးတက်သွားလေသည်။ ထိုနောက် လှေကားပေါ်ရောက်နေသော လူပျင်းကလေးသည် လှေကားအောက်ကလူအား "ကဲ–အဆင်သင့်ဖြစ်ပြီ၊ ခင်ဗျား ကျွန်ုပ်ကို အောက်ကိုဆင်းအောင် လုပ်ပေတော့"ဟု ဆိုသည်။ အောက်မှလူက ဘာမှပြန်မပြောချေ။ ထိုနောက် ထိုလူသည် လူပျင်းကလေးအား "သင့်ကို လှေကားပေါ်ရောက်အောင် ပြုလုပ်ပေးနိုင်ပြီမို့ ကျွန်ုပ်နိုင်သွားပြီ ဖြစ်ပါတယ်။ သင့်ဝက်ကို ယူဆောင်သွားပါတော့မယ်"ဟု ဆိုကာ ဝက်ကလေးအား ဆွဲခေါ်သွားလေသည်။ ။

အကောင်းဆုံး သင်ခန်းစာ

တစ်ခါက တရုတ်ပြည် ရှန်တန်ဒေသတွင် အလွန်ထင်ရှား ကျော်ကြားသော ပညာရှိကြီးတစ်ဦး ရှိသည်။ သူ့အမည်မှာ 'မင်စီယပ်စ်' ဖြစ်သည်။ သူသည် ဆရာကြီးတစ်ဆူလည်း ဖြစ်သည်။ ထိုသို့ ပညာရှိကြီးဖြစ်လာရခြင်းမှာ သူ့မိခင်၏ ကျေးဇူးကြောင့် ဖြစ်သည်ဟုဆိုသည်။ သူသည် ငယ်စဉ်က အလွန်ပျင်းသည်။ ကျောင်းမတက်ချင်၊ စာမကျက်ချင်ပေ။ သူ့ဖခင်ကွယ်လွန်သွားသောအခါ သူ့မိခင်က သူ့အား ဆုံးမသွန်သင်ရသည်။ အုပ်ထိန်းရသည်။ မင်စီယပ်စ်တို့ သားအမိသည် ဆင်းဆင်းရဲရဲဖြင့် နေရရှာသည်။

တစ်နေ့တွင် မင်စီယပ်စ်သည် ကျောင်းမှ အိမ်သို့ ပြန်ရောက်သော် သူ့မိခင်အား အဝတ်အထည်များ ချုပ်လုပ်နေသည်ကို တွေ့ရှိရသည်။ အဝတ်အထည်များမှာ အလွန်လှပ၍ အကောင်း

စား အဝတ်အထည်များဖြစ်ကြသည်။ လက်ရာမှာလည်း အလွန်သေသပ်ကောင်းမွန်လှသည်။

သူ့မိခင်က သူ့အား– “သား ဒီနေ့ စာအုပ် ဘယ်နှစ်အုပ်လောက် ဖတ်ပြီးပြီလဲ”ဟု မေးသည်။

မင်စီယပ်စ်သည် စာအုပ်များအား စားပွဲပေါ်သို့ ပစ်ချကာ “အမေ–ကျွန်တော် ကျွန်တော့်သူငယ်ချင်းတွေနဲ့ လယ်ကွင်းထဲမှာ ကစားနေတာနဲ့ ဘာစာအုပ်မှမဖတ်ဖြစ်သေးပါဘူး”ဟု ပြန်ဖြေသည်။

မင်စီယပ်စ်၏စကားကို ကြားသော် မိခင်ဖြစ်သူသည် ကတ်ကြေးကိုယူကာ အဝတ်အထည်များအား တစ်စစီ ကိုက်ဖြတ်ပစ်လိုက်လေသည်။

“အမေ အဝတ်အထည်တွေကို ဘာဖြစ်လို့ ကတ်ကြေးနဲ့ညှပ်ပစ်ရတာလဲဟင်။ သိပ်လှတဲ့၊ အဖိုးတန်တဲ့ အဝတ်အထည်တွေပဲ။ အခု အလဟဿဖြစ်ပြီ။”ဟု မင်စီယပ်စ်သည် စိတ်မကောင်းဖြင့် ပြောဆိုလေသည်။ “သားကလည်း သားရဲ့အဖိုးတန်တဲ့ အချိန်တွေကို အားကစားနဲ့ အချိန်ဖြုန်းပစ်ခဲ့ပြီးပြီလေ။ အမေလည်း

သားလိုပဲပေါ့။ အဝတ်အထည်ဖြစ်ဖို့ အမေကြိုးကုတ် အားထုတ်ခဲ့ရတဲ့ အချိန်တွေကို အခု ဖြုန်းတီးပစ်လိုက်ပြီလေ”ဟု ပြန်ပြောဆိုလိုက်လေသည်။

ထိုအခါမှစ၍ မင်စီယပ်စ်သည် တန်ဖိုးရှိသော အချိန်များကို အသုံးချတတ် သွားလေသည်။ သူသည် ကျောင်းမှန်မှန်တက်သည်။ စာမှန်မှန်ကျက်သည်။ သင်ခန်းစာများကို မှန်မှန်လုပ်သည်။ မကြာမီ ပညာထူးချွန်ကာ အလွန်ကျော်ကြားသော ပညာရှိကြီး တစ်ပါး ဖြစ်သွားလေသည်။

သူ့မိခင်က သူ့အားအကောင်းဆုံး သင်ခန်းစာကို ပေးခဲ့ပြီဖြစ်သည်။ ။

ပြီး